မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၀၅ ခုနှစ်၊ မေ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၃၁)

ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားခိုင်မာမှသာ

တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန် လေးစားချစ်ကြည်မှု၊ အပြန်အလှန် ယုံကြည်ကိုးစားမှု၊ အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် ဖေးမရိုင်းပင်းမှု၊ အပြန်အလှန် အမှီသဟဲပြုမှုတို့ဖြင့် ပေါက်ဖွားလာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားခိုင်မာနေမှသာ တည်ငြိမ်အေးချမ်း သာယာမှု အခြေခံကောင်းများ ဖြစ်ထွန်းပြီး ပြည်ထောင်စုကြီးလည်း အစွန့်ရှည်တည်တံ့ခိုင်မြဲမှာ ဖြစ်သည်။

ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန်လမ်းပေါ်ရှိ မူဆယ်ခရိုင်နှင့် လောက်ကိုင်ခရိုင်တို့ကိုဆက်သွယ်ထားသည့် အရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေ ၄ လက်မ၊ တံတားခံနိုင်ဝန် တန် ၆၀ ရှိသော သံလွင်တံတား(တာပါး)ကို တွေ့ရစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှမ်းပြည်နယ်၏လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်ပေးရေး အလွန်မြင့်မားသောမျှော်မှန်းချက်နှင့် လမ်းညွှန်ချက်များချမှတ်ပေးထား ရှမ်းပြည်နယ်၏အချက်အချာဒေသတိုင်းမှာသာမက မြို့ကြီးအချင်းချင်း ရာသီမရွေးသွားလာနိုင်ပြီ စီမံကိန်းစနစ်တကျချမှတ်ပေး၍ ရှမ်းပြည်နယ်နှင့် အခြားပြည်နယ်၊တိုင်းများ အပြန်အလှန်ဆက်စပ်ဖြစ်ထွန်းနေ

ရန်ကုန် မေ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိသည်။

ကျောဖုံးသို့



အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၂၂ ရက်)

ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ် အေးချမ်းသာယာသည့် လူ့ဘောင်လောကကိုဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားမျိုးနွယ်စုများ အားလုံးသည် ရှေးပဝေသဏီကာလကတည်းကပင် စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်၊ အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဖြစ်ကြသည်။

မျက်မှောက်ကာလတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာရေးအတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည် ရှိရင်းစွဲစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာသည်ထက် ခိုင်မာစေရန် တည်ဆောက်နေသည့် အချိန်ကာလဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် ကိုလိုနီနယ်ချဲ့လက်အောက်သို့ နှစ်ပေါင်း ၁၀၀ ကျော်ကျရောက်ခဲ့ရပြီး နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်ခြင်းကို ခံခဲ့ကြရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း နယ်ချဲ့၏ဆိုးမွေကြောင့် နှစ်ပေါင်း၄၀ နီးပါးကြာအောင် တိုင်းရင်းသား လူမျိုးအချင်းချင်းကြားတွင် သံသယစိတ်များပွားကာ လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြသည်။

ထို့ကြောင့် ပြည်တွင်းသောင်းကျန်းမှုများဖြစ်ပွားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မတည်ဆောက်နိုင်သဖြင့် နယ်မြေဒေသများ ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်နားလည် စာနာခွင့်လွှတ်မှုတို့ကို တည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၁၇)ဖွဲ့အပါအဝင် အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ယင်းကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနက် ၁၉၈၉ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့သည့် ဦးကန်န ဦးစီးသည့် SSNA တပ်မဟာ(၁၁)သည် ပြီးခဲ့သော ဧပြီလ ၁၂ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့နယ်တွင် လည်းကောင်း၊ ၁၉၉၁ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးအဖွဲ့သည် ဧပြီလ ၂၉ ရက်နေ့တွင် ကျောက်မဲခရိုင် မန်တုံမြို့တွင်လည်းကောင်း ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်လဲလှယ် အပ်နှံခဲ့ကြသည်။

ယခုထပ်မံ၍ ၁၉၈၉ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့သည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် SSNA တပ်မဟာ(၁၉)သည် မေလ ၂၀ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့ကြခြင်းတို့သည် နိုင်ငံတော်၏ စေတနာမှန်ကို သိရှိနားလည်သဘောပေါက်ပြီး မည်သူတို့ မည်သို့ပင်သွေးခွဲခွဲ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများနှင့်အတူ အစဉ်ထာဝရလက်တွဲနေသည်ကို ထင်ဟပ်ဖော်ပြလိုက်ခြင်းလည်း ဖြစ်ပေသည်။

ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ပြီး လမ်းကြောင်းမှန်တစ်ခုတည်းပေါ်သို့ တစ်စုတစ်ပေါင်းတည်း ရောက်ရှိလာခြင်းဖြင့် ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာဖြင့် လူမှုဘဝမြင့်မားစေရေး၊ နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုမို အထောက်အကူပြုလာနိုင်တော့မည်ဖြစ်သည်။

ထို့အပြင် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်အပ်နှံကြခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ညီအစ်ကိုများ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုတို့ကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်ခြင်းဖြစ်သည့်အပြင် အရေးကြီးလှျင် သွေးနီးကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားကို ထင်ထင်ရှားရှား ပြသလိုက်နိုင်ခြင်းပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ ရဲရဲဝံ့ဝံ့၊ ပြတ်ပြတ်သားသား တိကျခိုင်မာသောဆုံးဖြတ်ချက်ဖြင့် လက်နက်ကိုင်လမ်းစဉ်ကို အပြီးအပိုင် စွန့်လွှတ်ခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးကိုရရှိကာ အေးချမ်းသာယာသော လူ့ဘောင်လောကကို မလွဲဧကန် ဖော်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန် မာ ကျောင်း တော် ကြီး ဖြစ် မြောက်ရေး ကော် မတီ ရုံးခန်းတွင် ရတနာမြိုင်အိမ်ရာ (၁) ရပ် ကွက် ကမာရွတ် မြို့နယ် နေ ဦး တင် စိုး၊ သမီး သက်သက်ဆွေတို့ အားရည်စူး၍ ဒေါ်လှခင်မိသားစုက အလှူငွေကျပ် သုံးသိန်းကို ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးနေဝင်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ယဉ်ကျေးမှုဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ရှေးဟောင်းသုတေသနလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၇ရက် ညနေပိုင်းက တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းသို့ ရောက်ရှိရာ ဗိဿနိုးမြို့ဟောင်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ပြတိုက်တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်မှုများကို ဖြည့်စွက်မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်နှင့် ပြတိုက်အဆောက်အအုံများ တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဖြစ်ရေး၊ သတ်မှတ်ချိန် ပြီးစီးရေးကို တည်ဆောက်ရေးတာဝန်ခံများအား မှာကြားသည်။

ဆက်လက်၍ ဗိဿနိုးမြို့ဟောင်းနေရာတွင် တူးဖော်တွေ့ရှိထားသည့် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုနှင့် တူးဖော်တွေ့ရှိထားသည့် ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိဿနိုးမြို့ဟောင်း အဝင်မုခ်ဦးနှင့် ရွှေရောင်တော်ဘုရားသို့သွားသည့် လမ်းအား ဆက်စပ်ခင်းထားသည့် လမ်းကတ္တရာခင်းပြီးစီးမှုကို လည်းကောင်း၊ ဗိဿနိုးမြို့ဟောင်း အဝင်မုခ်ဦးကြီးနှင့် ဆက်စပ်ကာရံထားသည့် တံတိုင်းများ တည်ဆောက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန် လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၈ ရက်နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့၌ ယိုယွင်းသွားခဲ့သော ရွှေအင်းတောင်စေတီတော်ကြီး ပြန်လည်ပြင်ဆင်နေမှုများကို လည်းကောင်း၊ ရှေးဟောင်းသုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် ပြည်မြို့ သရေခေတ္တရာ ရှေးဟောင်းသုတေသန လေ့ကျင့်ရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အဆောင်များဆောက်လုပ်ပြီးစီးမှု အခြေအနေများကို တင်ပြသည်။ ဆောက်လုပ်လျက်ရှိသော စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာဆောင်၊ ဝန်ထမ်းဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေးနှင့် ပြုပြင်ရန်ရှိသည်များကို မှာကြားသည်။ ဆက်လက်၍ သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ပြီး ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သရေခေတ္တရာမြို့ဟောင်းကို ပတ်၍ ဖောက်လုပ်ထားသည့် လမ်းပြီးစီးမှု၊ ဘောဘောကြီးဘုရား၊ ဘဲဘဲဘုရား၊ ဗိဿနိုးမိဖုရားသင်္ချိုင်းနှင့် ပုတီးကုန်း-မှော်ဇာသွားလမ်းနှင့် ဆုံရာထိ ဆက်လက်ဖောက်လုပ်ထားသော မြေသားလမ်းဖောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရွှေတောင်မြို့နယ် ဖိုးသိန်းတန်ရွာ ရဟန္တာသိမ်သို့ ရောက်ရှိကာ ရဟန္တာသိမ်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုမ္ဗိနီ

မောင်သံငြိမ်း

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟု သတ်မှတ် ခေါ်ဝေါ်ကြပါသည်။ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ရှင်တော် ဂေါတမ မြတ်ဗုဒ္ဓ၏ ဖြစ်စဉ်တော်တွင် ကဆုန် လပြည့်နေ့သည် ဖွားမြင်တော်မူသော နေ့ဖြစ်ခြင်း၊ ဘုရားဖြစ်တော်မူသော နေ့ဖြစ်ခြင်း၊ ပရိနိဗ္ဗာန်စံတော်မူသော နေ့ဖြစ်ခြင်းအပြင် ရှေးယခင် ဘဝ အဆက်ဆက် ပါရမီတော်ဖြည့်ဆည်း စဉ်ကာလ ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက်၊ သုမေဓာရှင်ရသေ့ဘဝ၊ တစ်ခုသော ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော်အဖြစ် ပထမဆုံး ဗျာဒိတ်ခံယူရရှိတော်မူသော နေ့ဖြစ် ခြင်းကြောင့် ကဆုန်လပြည့်နေ့သည် ထူးခြားလေးနက်သည့် နေ့ထူးနေ့မြတ် ကြီး ဖြစ်ပါသည်။

ဗျာဒိတ်၊ဖွားမြင်၊ ဖောဓိပင်၊ စံဝင် နိဗ္ဗာန်နန်းဟူ၍ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ဘဝဖြစ်စဉ် တော်တွင် ထူးခြားမွန်မြတ်သည့်နေ့ထူး နေ့မြတ်ကြီး ဖြစ်ပါသည်။

ဤသို့ ထူးခြားမွန်မြတ်လှသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ အခါသမယမှာ ရှင်တော်မြတ်ဗုဒ္ဓ ဖွားမြင်တော်မူရာ လုမ္ဗိနီဒေသတွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော် အစိုးရနှင့် ရဟန်းရှင်လူ ပြည်သူအများက မကြုံစဖူး ထူးကဲသော စေတနာ သဒ္ဓါတရားနှင့် ထည့်ဝင် လှူဒါန်းကြသည့် ကုသိုလ်ဒါန အလှူ တော်ငွေများဖြင့် ဆောက်လုပ်လှူဒါန်း သည့် သာသနိက အဆောက်အအုံများ ဖြစ်ထွန်းပေါ်ပေါက်မှု ယနေ့အခြေ အနေကို စေတနာရှင်၊ အလှူရှင်၊ ရဟန်းရှင်လူ ပြည်သူအများ သိရှိပြီး ကြည်ညိုသဒ္ဓါတရား ပွားများနိုင်စေရန် စုစည်းတင်ပြလိုပါသည်။

လုမ္ဗိနီဒေသတွင် သာသနိက အဆောက်အအုံများ ဆောက်လုပ် လှူဒါန်းရန် ပေါ်ပေါက်ခဲ့ရသော ဖြစ်စဉ်

အစည်းကြီးများအား သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်း ရန်အတွက် မြေကွက်များ ချထား ပေးမည်ဖြစ်ကြောင်း မြန်မာသံရုံးမှ တစ်ဆင့် ကမ်းလှမ်းလာခဲ့ပါသည်။

ဗုဒ္ဓ သာသနာတော် ထွန်းကား ပြန့်ပွားရေးကို ထူးထူးကဲကဲ အားပေး ချီးမြှောက်လျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကလည်း မဆိုင်း မတွပင် ချထားပေးမည့် မီတာ ၁၂၀ ပတ်လည်မြေကွက် တစ်ကွက်နှင့် မီတာ ၈၀ ပတ်လည် မြေကွက်တစ် ကွက်အား သာသနိကအဆောက်အအုံ များ ဆောက်လုပ်လှူဒါန်းရန် ရယူမည် ဖြစ်ကြောင်း၊၁၉၉၂ခုနှစ် ဇူလိုင်လ ၈ရက် နေ့တွင် ဆုံးဖြတ်အဆိုပြုခဲ့ပါသည်။

ချဉ်းကပ်ကြိုးစားနေကြချိန်တွင် မြန်မာ နိုင်ငံနှင့် နီပေါနိုင်ငံ၊ လုမ္ဗိနီဒေသ အုပ်ချုပ်ရေး အဖွဲ့တို့အကြား မူလလျာ ထားသည့် မြေကွက်နှစ်ကွက် ငှားရမ်း ခြင်းစာချုပ်ကို ၁၉၉၃ခုနှစ် ဖေဖော်ဝါရီ လ ၁၁ ရက်နေ့တွင်ပထမဆုံးအောင်မြင် စွာချုပ်ဆိုနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ ကိုယ်စား နီပေါနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးက လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်။

တစ်ဆက်တည်းပင် နိုင်ငံတော် အစိုးရက အလှူရေစက် လက်နှင့်မကွာ စေတနာ၊ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းလေ့ရှိကြသော ဗုဒ္ဓဘာသာဝင် ပြည်သူအများ၏ဆန္ဒကို ဖြည့်ဆည်း ပေးနိုင်မည့် စေတီ၊ သိမ်၊ ကျောင်း၊

က ဗုဒ္ဓဂယာတွင် ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခွင့် ရကြောင်းသိရ သည်။ ယခု အဆိုပါဇရပ်မရှိတော့ပါ။ လွတ်လပ်ရေးရပြီး ခေတ်ကာလတွင် လည်း အစိုးရနှင့် ပြည်သူတို့၏ အလှူ သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခွင့် မရခဲ့ကြပါ။ တကတ်တက်ကြွကြွ ကြိုးပမ်း ဆောင် ရွက်မှုမရှိကြပါ။ လုမ္ဗိနီဒေသရောက် ဘုရားဖူး သူတော်စင်များမှာ ပုဂ္ဂလိက ဆောက်လုပ်လှူဒါန်းထားသည့်ဘုန်းကြီး ကျောင်းနှင့် အဆောက်အအုံတစ်ခု တွင်သာ တည်းခိုနေထိုင်ကြရသည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာ စေတီ၊ ကျောင်းကိုမဆိုထားနှင့် မြန်မာ ဘုန်းတော်ကြီးကိုပင် ဖူးတွေ့ရခဲသည်။

ဗုဒ္ဓဘာသာဝင်နိုင်ငံများအနက် လုမ္ဗိနီဒေသဖွံ့ဖြိုးရေးအဖွဲ့၏ ကမ်း လှမ်းချက်ကို ပထမဆုံး တုံ့ပြန်အဆို ပြုခဲ့သော မြန်မာနိုင်ငံကို ထေရဝါဒ ဗုဒ္ဓဘာသာဝင်နိုင်ငံများအတွက်ချထား ပေးမည့် မြေကွက်ပေါင်း ၁၈ကွက် အနက်မှ ကြိုက်နှစ်သက်ရာ မြေကွက် နှစ်ကွက်ကို ပထမဆုံးရွေးချယ်ခွင့်ပြု ခဲ့ရာ မြေကွက်များအနက်မှ ထိပ်ဆုံး ဖြစ်သော ရှင်တော်မြတ်ဗုဒ္ဓ ဖွားမြင်

ဓမ္မာရုံနှင့် ဇရပ်ဟူသည့် သာသနိက အဆောက်အအုံ ငါးမျိုးကို ဆောက် လုပ်လှူဒါန်းရန် ဆုံးဖြတ်ခဲ့ပြီး စတင် ဆောင်ရွက်ခဲ့ပါသည်။

ရှင်တော်မြတ်ဗုဒ္ဓ၏ သာသနာ တော်နှစ် ၂၅၀၀ ကျော်အတွင်း မဇ္ဈိမ ဒေသရှိ သံဝေဇနိယ လေးဌာနဖြစ် သည့် ဖွားတော်မူရာ လုမ္ဗိနီဒေသ၊ သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိ ဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာဒေသ၊ တရား

အာနန္ဒာ သိမ်တော်ကြီး။

လုမ္ဗိနီမှလွဲ၍ အခြားဗုဒ္ဓဌာန များတွင် မြန်မာဘုန်းတော်ကြီးကျောင်း များရှိကြ၍ မြန်မာ့လက်ရာစေတီ ပုထိုးအချို့ ဖူးတွေ့နိုင်သည်။ ရောက်ရှိ သီတင်းသုံးနေကြသည့် မြန်မာဆရာ တော်များ၏ ကျေးဇူးတော်ကြောင့် မြန်မာဘုရားဖူးများ တည်းခိုနေထိုင် စားသောက်ခွင့်ရကြသည်။ အခြားနိုင်ငံ များက ဆောက်လုပ် လှူဒါန်းကြ သည့် ကျောင်း၊ကန်၊ပရဝဏ်များနှင့် နှိုင်းစာလျှင် ပုဂ္ဂလိကအလှူဒါန ဖြစ်၍ ခမ်းနားကျယ်ဝန်းမှုမှာ မနှိုင်းယှဉ်သာ။ အခွင့်အခါ ကြုံကြိုက်စဉ်က ရရှိသည့် အခွင့်အရေးကို အပြည့်အဝ အသုံးချ အရမယူခဲ့ကြ၍ဟု ဆိုကြပါသည်။

ယခုသော် တပ်မတော်အစိုးရ လက်ထက် ရဟန်းရှင်လူ ပြည်သူ အများ၏ ထူးကဲသော ကုသိုလ်ပါရမီ ကြောင့် ရှင်တော်မြတ်ဗုဒ္ဓ ဖွားမြင် တော်မူရာ လုမ္ဗိနီဒေသတွင် သာသနိက အဆောက်အအုံများ ဆောက်လုပ် လှူဒါန်းခွင့်ရရှိပြီဖြစ်ပါသည်။နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုဖြင့် ရဟန်းရှင်လူ မြန်မာပြည်သူအများက စေတနာသဒ္ဓါ တရားထက်သန်စွာ ပါဝင်လှူဒါန်းကြ ရာ အလှူငွေလက်ခံပွဲများ အကြိမ် ကြိမ်ကျင်းပပေးရသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူအများက မကြုံစဖူး ထူးကဲစွာ ထည့်ဝင်လှူဒါန်း ငွေ၊ နိုင်ငံတော်အစိုးရက မတည် လှူဒါန်းငွေတို့ဖြင့် ၁၉၉၅ခုနှစ် နှစ်ဆန်း ပိုင်းမှစ၍ သာသနိကအဆောက်အအုံ များ ဆောက်လုပ်ရေး လုပ်ငန်းများ စတင်နိုင်ခဲ့ပါသည်။

မြန်မာ ရွှေကျောင်းတော်ကြီး။

အစကို တင်ပြရပါက ၁၉၉၂ခုနှစ် နှစ်ဆန်းပိုင်းတွင် နီပေါနိုင်ငံ လုမ္ဗိနီ ဒေသဖွံ့ဖြိုးရေးအဖွဲ့က မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဒေသတွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ဗုဒ္ဓ ဘာသာ သာသနာထွန်းကားကိုးကွယ် ရာ နိုင်ငံများနှင့် အခြားနိုင်ငံများရှိ နိုင်ငံအလိုက် ဗုဒ္ဓဘာသာ အသင်းအဖွဲ့

တော်မူရာ နေရာပြ၊ အသောက ကျောက်တိုင်နှင့်အနီးဆုံးမြေနှစ်ကွက် ကို ရွေးယူခွင့် ရရှိခဲ့ပါသည်။ တိကျ၊ မှန်ကန်၊ လျင်မြန်စွာ ဆောင်ရွက်တတ် သော နိုင်ငံတော်အစိုးရ၏ တုံ့ပြန် မှုကြောင့် ဤအခွင့်အရေးကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံအသီးသီး၊အဖွဲ့အစည်းအသီး သီးက မြေကွက်နေရာကောင်းရရှိရေး

ဦး ဟောတော်မူရာ မိဂဒါဝုန်ဒေသနှင့် ပရိနိဗ္ဗာန် စံဝင်တော်မူရာ ကုသိနာရုံ ဒေသအပါအဝင် ဗုဒ္ဓဖြစ်စဉ်နှင့် ပတ် သက်ကြသည့် ဗုဒ္ဓဌာနများတွင် ယခု ကဲ့သို့ ကျယ်ဝန်းသည့် ပရဝဏ်၊ မြေ ကွက်ပေါ်တွင် ခံ့ညားသည့် သာသနိက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်း ခွင့်မရရှိခဲ့ပါ။ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်



လောကမဏိ စူဠာစေတီတော်။

နိုင်ငံတော်က ဖွဲ့စည်းတာဝန် ပေးသည့် ဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီအသီး သီး၏ ကာယ၊ ဉာဏ၊ စွမ်းအား၊ သာသနာရေး ဝန်ကြီးဌာန၏ ကြီးကြပ် ကွပ်ကဲမှု၊ မြန်မာသံရုံး၏ အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးမှုတို့ကြောင့် မြန်မာအစိုးရနှင့် ရဟန်းရှင်လူပြည်သူ တို့၏ အလှူ၊ သာသနိက အဆောက် အအုံငါးမျိုးမှာ လုမ္ဗိနီဒေသတွင် ယနေ့ သပ္ပာယ်၊ သေသပ်၊ ခံ့ညား၊ ဝင့်ကြွားစွာ ပေါ်ပေါက်ခဲ့ပြီ ဖြစ်ပါသည်။

လုမ္ဗိနီဒေသ သာသနိကအဆောက် အအုံများ၏ ဖြစ်စဉ်နှင့် မှတ်တမ်း

၇-၄-၉၆ ရက်နေ့တွင် တည် ဆောက်ပြီးစီးသည်။ လောကမဏိ စူဠာစေတီတော်၏ အထက်ဌာပနာ တော်သွင်းနှင့် ထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပခဲ့ရာ နိုင်ငံ တော် သံဃမဟာနာယက ဆရာ တော်များ ဦးဆောင်၍ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက် ချီးမြှင့်ခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၏ ဇနီးများ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာသံအမတ် ကြီးတို့ တက်ရောက်ခဲ့ကြပါသည်။

မြန်မာအစိုးရနှင့် ရဟန်းရှင်လူ ပြည်သူတို့၏ အလှူ၊ သာသနိက အဆောက်အအုံ ငါးမျိုးမှာ လုမ္ဗိနီဒေသ တွင် ယနေ့ သပ္ပာယ်၊ သေသပ်၊ ခံ့ညား၊ ဝင့်ကြွားစွာ ပေါ်ပေါက်ခဲ့ပြီ။

ဓာတ်ပုံများကို အလှူရှင်များ ကြည်ညို သဒ္ဓါတရား ပွားများနိုင်ရန် ဆက်လက် တင်ပြလိုပါသည်။

လောကမဏိစူဠာစေတီတော်

ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်တိုင်း ဖူးမြော်ဦးခိုက်လိုကြသည့် လေးဆူ ဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်၏ ပုံတူ၊ ဉာဏ်တော် အမြင့်ပေ ၆၀ ရှိ စေတီတော်ဖြစ်ပါသည်။ လုမ္ဗိနီရောက် ဗုဒ္ဓဘာသာဝင်တိုင်း ကမ္ဘာကျော် ရွှေတိဂုံစေတီတော် ပုံတူစေတီတော်ကို ဖူးမြော်ရင်း မြန်မာ့ယဉ်ကျေးမှု အနု ပညာ ဗိသုကာလက်ရာကို လေ့လာ တွေ့ရှိနိုင်ပါသည်။ ၁၉၉၅ခုနှစ် မေလ ၁၄ ရက်နေ့တွင် ပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကျင်းပလုပ်ငန်း စတင်ခဲ့ ပါသည်။ အုတ်မြစ်စီ မင်္ဂလာအခမ်း အနားကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာသံအမတ်ကြီး သုံးဦး (နီပေါ၊ အိန္ဒိယနှင့် ဘင်္ဂလား ဒေ့ရှ်)တို့တက်ရောက် အုတ်မြစ်စီခဲ့ပါ သည်။

ရွှေကျောင်းတော်ကြီးနှင့် အာနန္ဒာသိမ်တော်ကြီး

မြန်မာနိုင်ငံမှကြွရောက်သာသနာ ပြုမည့် ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် သံဃာတော်များ သီတင်းသုံးတော်မူ ရန်၊ မြန်မာမှု အနုပညာလက်ရာများ ဖြင့် တည်ဆောက်မည့် ရွှေကျောင်း တော်ကြီးနှင့် အာနန္ဒာသိမ်တော်ကြီး၏ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကို ၁၉၉၆ခုနှစ် ဧပြီလ ၇ရက်နေ့တွင် ကျင်းပ၍ ၁၉၉၆ခုနှစ် ဧပြီလ၁၀ရက် နေ့မှစပြီး လုပ်ငန်းများ ဆောင်ရွက် ခဲ့ရာ သိမ်တော်ကြီးမှာ ၁၉၉၇ခုနှစ် ဧပြီလတွင်ပြီးစီးခဲ့ပါသည်။ ရွှေကျောင်း တော်ကြီးမှာ ၁၉၉၈ခုနှစ် မတ်လတွင် ပြီးစီးခဲ့ပါသည်။ ၁၉၉၈ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် ရွှေကျောင်းတော်ကြီး နှင့် အာနန္ဒာ သိမ်တော်ကြီးတို့၏ ရေစက်ချ မင်္ဂလာအခမ်းအနားကို တစ်ပေါင်းတည်း ကျင်းပနိုင်ခဲ့ပါသည်။

ရွှေကျောင်းတော်ကြီးနှင့် အာနန္ဒာ သိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်း

စာမျက်နှာ ၅ ကော်လံ ၁ သို့

အာဆီယံ၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်
ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေးကြမည်

ဆိုးလ် မေ ၂၀

အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံနှင့် တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရာရှိများသည် ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နည်းလမ်းများဆွေးနွေးရန်အတွက် တောင်ကိုရီးယား၌ တွေ့ဆုံကြမည်ဖြစ်ကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက မေ ၁၇ ရက်တွင် ပြောကြားသည်။

တနင်္ဂနွေနေ့မှ သောကြာနေ့အထိ အရှေ့ပိုင်းကမ်းရိုးတန်းမြို့ဖြစ်သော ဆိုကာဟိုမြို့တွင် ကျင်းပမည့် အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ အစိုးရအရာရှိများ၊ အမျိုးသားခရီးသွားလာရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ ၇၀ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပခဲ့သော်လည်း တောင်ကိုရီးယားနိုင်ငံသည် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံနိုင်ငံမဟုတ်သည့် ပထမဆုံးနိုင်ငံဖြစ်သည်။

မျှော်လင့်

ယင်းတွေ့ဆုံဆွေးနွေးပွဲသည် တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများ အကြား ခရီးသွားလာရေးလုပ်ငန်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖလှယ်ရေးတိုးမြှင့်ခြင်းနှင့် အာဆီယံဒေသတွင် တောင်ကိုရီးယား၏ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ သံတမန်ရေးစွမ်းဆောင်နိုင်မှု တိုးတက်လာမည်ဟု မိမိတို့မျှော်လင့်ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဝန်ကြီးဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်ကျေးလက်ဒေသများ တယ်လီဖုန်းရရှိရေးစီစဉ်
တောင်သူလယ်သမားများပိုမိုအကျိုးဖြစ်ထွန်း

ဟေဖီ မေ ၂၀

တရုတ်နိုင်ငံ အရှေ့ပိုင်းအန်ဟွီပြည်နယ်ရှိ တောင်တန်းများထူပြောသော ကျင်ဟေးဒေသ၌ နေထိုင်သူသစ်ခွပန်းစိုက်ပျိုးသည့် ကူကျီဟူဆိုသူသည် ဆက်သွယ်ရေး မရှိမှုကြောင့် သူ၏သစ်ခွပန်းများကို ဈေးကောင်းကောင်းဖြင့် မရောင်းချနိုင်ဘဲရှိခဲ့ရာမှ မကြာမီက သူ၏အိမ်တွင် တယ်လီဖုန်းတပ်ဆင်ခဲ့သဖြင့် ကူကျီဟူ၏သစ်ခွပန်းအရောင်းအဝယ် အခက်အခဲသည် ပြီးဆုံးသွားခဲ့သည်။

ယခုအခါကူသည် ဖုန်းရရှိခဲ့ပြီဖြစ်သဖြင့် သစ်ခွပန်းတစ်အိုးကို ကျင်ဟေး၌ ယွမ်၈၀(ဒေါ်လာ၉ ဒသမ၆၄ခန့်) ရရှိနိုင်ကြောင်းသိခဲ့ရပြီဖြစ်သည်။ ယခင်ကကူသည် သစ်ခွပန်းအိုးတစ်အိုးကို ယွမ်၂၀(ဒေါ်လာ၂ ဒသမ၄၁ခန့်)သာ ရရှိခဲ့သည်။

ပိုမိုရရှိ

ကျွန်တော့်သစ်ခွပန်းတွေအားလုံးကို ကျင်ဟေးသို့ ယူသွားပြီး အားလုံးရောင်းချခဲ့ရန် ဆုံးဖြတ်ကြောင်း ဤနည်းအားဖြင့် ယွမ်၁၀၀၀ (ဒေါ်လာ၁၂၁) ထက်မနည်းပိုမိုရရှိမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တယ်လီဖုန်း ဝန်ဆောင်မှု၏ အောက်တွင် တရုတ်နိုင်ငံ၏ကျေးလက်၊ ကျေးရွာများအားလုံး စီးပွားရေးအခြေအနေ ပိုမိုကောင်းမွန်လာရေး ဆောင်ရွက်ချက်ကို တရုတ်နိုင်ငံ၌ ယမန်နှစ်က စတင်ခဲ့သည်။

လွန်ခဲ့သည့်နှစ်၌ တယ်လီဖုန်းဝန်ဆောင်မှု ရရှိခဲ့သော အန်ဟွီပြည်နယ် ရှုချင်ဒေသရှိ တုန်လီကျေးရွာနေ လူထုသည်လည်း တယ်လီဖုန်းမှ ပေါက်ဈေး အခြေအနေကို သိရသဖြင့် သစ်အယ်သီးနှင့် လက်ဖက်ခြောက်ကို ကြိုက်ဈေးဖြင့် ရောင်းချနိုင်ခဲ့ရာ ယွမ် ၈၀၀၀၀၀(ဒေါ်လာ၉၆၃၈၆) အပိုရရှိခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဂျပန်နိုင်ငံ တိုကျိုမြို့မြောက်ဘက် ရှန်တိုကျေးရွာတွင် ဆာကာကီဘာရာကီကိုင် ကုမ္ပဏီမှထုတ်လုပ်လိုက်သော လမ်းလျှောက်နိုင်သည့် စက်ရုပ်တစ်ရုပ်ကို မေ ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်ခြိမ်းခြောက်မှုဖြေရှင်းရာတွင်
စင်ကာပူနိုင်ငံသားများ အစိုးရအပေါ်အလွန်အမင်းယုံကြည်အားထား

စင်ကာပူ မေ ၁၉

စင်ကာပူနိုင်ငံသား အများစုသည် အကြမ်းဖက်ခြိမ်းခြောက်မှုကို လုံးလုံးလျားလျားကိုင်တွယ်ဖြေရှင်းရန် အစိုးရအပေါ် အလွန်အမင်း ယုံကြည်အားထားကြသော်လည်း ကိုယ်တိုင်ပြင်ဆင်မှုမရှိကြောင်း ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် အနုပညာဝန်ကြီးဌာန၏ မေ ၁၅ ရက်က ပြောကြားချက်ကို နယူးစ်အေးရှချန်နယ်က ကိုးကားဖော်ပြလိုက်သည်။

ယုံကြည်

စူးစမ်းလေ့လာခဲ့သော လူ ၇၆ ရာခိုင်နှုန်းက အစိုးရ၏လုံခြုံရေးဆောင်ရွက်မှုလုပ်ငန်းများသည် လုံလောက်မှုရှိသည်ဟု ထင်မြင်ကြပြီး ၇၀ ရာခိုင်နှုန်းက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အစိုးရတွင် အခြေအနေပြန်ကောင်းလာအောင် မြန်မြန်ထက်ထက် လုပ်နိုင်စွမ်းရှိကြောင်း ယုံကြည်ထားကြသည်။

ထို့ပြင် စူးစမ်းလေ့လာမှုတွင် ၅၂ ရာခိုင်နှုန်းကသာ အကြမ်းဖက်တိုက်ခိုက်မှု၌ ဘာလုပ်ဆောင်ရမည်ကို သိထားကြကြောင်း ဖော်ပြထားပြီး ကိုယ်တိုင် ပြင်ဆင်မှုမရှိခြင်းအတွက် စိုးရိမ်ကြောင်း အကြံပြုဖော်ပြထားသည်။

စူးစမ်းလေ့လာသူ ၉၀ ရာခိုင်နှုန်းက အကြမ်းဖက်ခြိမ်းခြောက်မှုများကို စင်ကာပူနိုင်ငံသားတို့ စုပေါင်းညီညွတ်စွာ ရင်ဆိုင်ကြရန် ဆန္ဒသဘောထားပေးခဲ့ကြသည်။

အစိုးရအဖွဲ့သည် စင်ကာပူနိုင်ငံသားတို့ ပိုမိုသတိရှိကြစေရန်နှင့် အရေးပေါ်အတွက် အသင့်ပြင်ဆင်မှုရှိကြရန် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုကို နှိမ်နင်းရာတွင် ဒူပေနာပေခံနိုင်ဖို့အတွက် လိုအပ်ချက်ကိုအားဖြည့်ပေးသွားမည်ဟု သတင်း၌ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်္ဂလိပ်ကို ဝေဖန်ပေးထားသည့် ...

အီဖယ်လ်မျှော်စင်မှ လေထီးခုန်ဆင်းသူသေဆုံး

ပဲရစ် မေ ၁၉

အသက် ၃၁ နှစ်အရွယ်ရှိ နော်ဝေနိုင်ငံသားတစ်ဦးသည် ၃၂၄ မီတာရှိ အီဖယ်လ်မျှော်စင်၏ ဒုတိယ အဆင့်မှ ခွင့်ပြုချက်မရှိသော လေထီးခုန်မှုကြောင့် မေ ၁၆ ရက်နေ့ ညပိုင်းက သေဆုံးသွားခဲ့ကြောင်း တီအက်ဖ်အိုင်တယ်လီဗီးရှင်းက အင်္ဂါနေ့က ထုတ်လွှင့်သွားခဲ့သည်။

ပြောကြား

နော်ဝေနိုင်ငံသား သုံးဦးသည် အီဖယ်လ်မျှော်စင်တွင် ကြော်ငြာရိုက်ကူးရန်အတွက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားသည်။

သေဆုံး

၎င်းတို့အထဲမှ တစ်ဦးသည် ၁၁၅ မီတာရှိသော ဒုတိယအဆင့်မှ လေထီးဖြင့်ခုန်ဆင်းခဲ့သည်။ ၎င်းသည် ပထမအဆင့်ရှိ သံအဆောက်အအုံအပေါ်ကျရောက်သွားပြီးသေဆုံးသွားခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းအမှုအား စုံစမ်းစစ်ဆေးရန် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘာကူဘာမြို့တွင် လမ်းဘေး ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာကို မေ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အပြုရောင်အမှုန့်များပါသည့် မသင်္ကာဖွယ်စာတစ်စောင် နယူးယောက်ရှိ ဒိန်းမတ်ကောင်စစ်ဝန်ရုံး လက်ခံရရှိခဲ့

စတော့ဟုမ်း မေ ၁၉

နယူးယောက်ရှိဒိန်းမတ်ကောင်စစ်ဝန်ရုံးသည် မသင်္ကာဖွယ်အဖြူရောင်အမှုန့်များ ပါရှိသည့် စာတစ်စောင်ကို လက်ခံရရှိခဲ့ရာ ဒိန်းမတ်နိုင်ငံခြားကိုယ်စားလှယ်ရုံးသည် မသင်္ကာဖွယ်စာကို လက်ခံရရှိသော တတိယမြောက်ရုံးဖြစ်လာခဲ့သည်ဟု ရစ်ဇော်သတင်းဌာနက မေ ၁၃ရက် သောကြာနေ့၌ သတင်းဖော်ပြခဲ့သည်။

ဆုံးဖြတ်

အဆိုပါ စာလက်ခံရရှိခဲ့သဖြင့် ကောင်စစ်ဝန်ရုံးသည် အဆုံးအဖြတ်ပေးနိုင်သော အမေရိကန်အရာရှိများသို့ အကြောင်းကြားခဲ့သည်။ အမေရိကန်အရာရှိများက စာအိတ်၌ပါရှိသော အဖြူရောင်အမှုန့်များသည် ဘေးဥပဒ်မဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်ဟု ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုသီတင်းပတ်အစောပိုင်း၌ စတော့ဟုမ်းနှင့် ဗီယင်နာရှိ ဒိန်းမတ်သံရုံးများသည် အလားတူစာများကို လက်ခံရရှိခဲ့ကြသည်။ အဆိုပါ သံရုံးနှစ်ရုံးက လက်ခံရရှိခဲ့သည့် စာများသည် ဒိန်းမတ်မှ ပေးပို့သောစာများဖြစ်ပြီး လိပ်စာမပါရှိကြဟု ဆိုသည်။

သတိပေး

အဆိုပါ ဖြစ်ရပ်သုံးခုစလုံးသည် နောက်ပြောင်လှည့်စားမှုများဖြစ်သော်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနက မသင်္ကာဖွယ်စာများကို သတိထားရန် ယင်း၏ ပင်လယ်ရပ်ခြားကိုယ်စားလှယ်များအားလုံးကို သတိပေးထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်၌ ပြန်ပေးဆွဲခံရသည့် ဩစတြေးလျလူမျိုး မကြာမီပြန်လွတ်ဖွယ်ရှိ

ကင်ဘာရာ မေ ၂၀

ပြန်ပေးဆွဲခံခဲ့ရသူ ဩစတြေးလျလူမျိုး ဒေါက်ဂလပ်ဝုဒ်မှာ ၂၄ နာရီအတွင်း ပြန်လည် လွတ်မြောက်ဖွယ်ရှိကြောင်း ဩစတြေးလျအဆင့်မြင့် မွတ်စလင်ဘာသာရေးခေါင်းဆောင် ရှိတ်တာအယ်လ်ဒင်အယ်လ်ဟီလာလီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ထုတ်လွှင့်ပြသခဲ့

အီရတ်နိုင်ငံတွင် ကန်ထရိုက်တာတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသော ဩစတြေးလျနိုင်ငံသား ဝုဒ်ကို လက်နက်ကိုင်လူတစ်စုက ဖမ်းဆီးခဲ့ကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားမှ မေ ၂ ရက်က ထုတ်လွှင့်ပြသခဲ့သည်။

အယ်လ်ဟီလာလီသည်ဝုဒ် လွတ်မြောက်ရေးကြိုးပမ်းရန် အီရတ်နိုင်ငံတွင် ရက်သတ္တပတ်ကျော်က ရောက်ရှိခဲ့သည်။ သို့သော် ဘဂ္ဂဒက်ရှိ ဩစတြေးလျအာဏာပိုင်များက အဆိုပါသတင်းနှင့်ပတ်သက်၍ အတည်မပြုနိုင်သေးကြောင်း ဩစတြေးလျ နိုင်ငံခြားရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ တိုင်းမှူးဗိုလ်ချုပ်သာအေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၁

စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မေ၁၉ရက် နံနက်ပိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ နာယက စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းအတွင်းရှိ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမှူး

အကြိုညီလာခံ ပထမပိုင်းတွင် သဘာပတိအဖြစ် စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီအရန်အင်အား ဒေါ်ဂွမ်းနုဖြူကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်သီတာက လည်းကောင်း ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးက စစ်ကိုင်းတိုင်း အကြိုညီလာခံသို့တက်ရောက်ခွင့်ရှိသူ ၄၂၆ဦးစလုံး တက်ရောက်ကြသည့်အတွက်အကြိုညီလာခံ အထမြောက်ကြောင်းနှင့်သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညီလာခံ စတင်ကြောင်းကြေညာသည်။

ထို့နောက် သဘာပတိ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြားသည်။

အလှူငွေများလှူဒါန်း

ယင်းနောက် အနောက်မြောက် တိုင်းစစ်ဌာနချုပ်က စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ်ငါးသိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက လည်းကောင်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာ တွင်အသုံးပြုရန် ရင်းနှီးမတည်ငွေကျပ် ၆၄သိန်း၊ လူမှုရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း၅၀ စုစုပေါင်းငွေကျပ် ၁၁၄သိန်းကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ရဲမှူးကြီးတင်မောင်မောင်က လည်းကောင်း လှူဒါန်းကြရာ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က လက်ခံသည်။

ထို့နောက် စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ပထမပိုင်းကို ခေတ္တရပ်နားပြီး အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း)၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးတင်ရွှေ(ငြိမ်း)နှင့် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

တင်ပြ

ရှေးဦးစွာ သဘာပတိ ဒုတိယဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ဗိုလ်မှူးမိုးမြင့်အေး (ငြိမ်း)နှင့် ဗိုလ်ကြီးလှဒေါင်း(ငြိမ်း)တို့က တင်ပြကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်မှ အမျိုးသားနိုင်ငံရေးကဏ္ဍကို ဗိုလ်မှူးမင်းသူ(ငြိမ်း)က လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကို ဗိုလ်ကြီးခင်မောင်ဦး (ငြိမ်း)ကလည်းကောင်း၊ စီးပွားရေးကဏ္ဍကို ဗိုလ်ကြီးမျိုးချစ်(ငြိမ်း)ကလည်းကောင်း၊ လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍကို ဗိုလ်ကြီးဖေသန်း (ငြိမ်း)ကလည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍကို ဗိုလ်ကြီးတင်မျိုးနိုင်(ငြိမ်း)က လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်

ထို့နောက် စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်သာအေးက အကြိုညီလာခံ (၂၀၀၅)သို့ တက်ရောက်လာသော အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းသုံးဦးတို့အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ရာ နာယကကိုယ်စား တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က ကလေးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ တပ်သားမောင်မောင်(၈၁)နှစ်အား ငွေကျပ် ၅၀၀၀၀၊ မုံရွာမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ ဗိုလ်ကြီးခင်မောင် (၇၉)နှစ်အား ငွေကျပ် ၃၀၀၀၀၊ ဒီပဲယင်းမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ တပ်သားလှဒန် (၇၈)နှစ်အား ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်သည်။

ယင်းနောက် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်နှင့် ဆုံးဖြတ်ချက်များကို သဘာပတိက အကြိုညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ သဘောတူညီချက် ရယူကာ အတည်ပြုသည်။

ကြေညာ

ဆက်လက်၍ အခမ်းအနားမှူးက စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်သည့် ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုခြင်း တစ်ရပ်၊ မှတ်တမ်းတင်ခြင်း လေးရပ်တို့ကို ကြေညာသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၅(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သာသနာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ဝါသနာရှင်စင်မြင့်
၈း၀၅	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အန္တရာယ်ကင်းသော မိခင်ဘဝ
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	Sunday Talk
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	အထွက်ကောင်း အရည်အသွေးကောင်း မှော်ဘီ(၃)စပါးမျိုးသစ်
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	UEFA Stories Best Game
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	မြန်မာစာ မြန်မာစကား
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo၊

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့ကောင်းကျိုးအတွက် နည်းမျိုးစုံဖြင့် လုပ်နေပါသည်ဆိုသော မြန်မာမဟုတ်သူများသို့

❒ ဘယ်သူတားတား၊ အသွားမပျက်
ချီတက်နေတာ၊ ဒို့မြန်မာ။

❒ ဘယ်သူရှုပ်ရှုပ်၊ အလုပ်မပျက်
လုပ်လျက်နေတာ၊ ဒို့မြန်မာ။

❒ ဘယ်သူဟန့်ဟန့်၊ တန့်ရပ်မသွား
လှုပ်ရှားနေမြဲပါ၊ ဒို့မြန်မာ။

❒ ဘယ်သူခြောက်ခြောက်၊ မကြောက်မရွံ့
ဝံ့ဝံ့စားစား၊ လုပ်အားမပျက်
လုပ်လျက်နေတာ၊ ဒို့မြန်မာ။

❒ ဘယ်သူမြှောက်စေ၊ မတွေဝေဘူး
စိတ်ကူးမယဉ်၊ လုပ်ခွင်မပျက်
ချီတက်နေတာ၊ ဒို့မြန်မာ။

❒ ဘယ်သူချော့ငြား၊ ဝမ်းမပါးဘဲ
သွားမြဲလမ်းကြောင်း၊ မပြောင်းမပြု
ရှေးရှုလျက်သာ၊ ဒို့မြန်မာ။

❒ ဘယ်သူခွဲစေ၊ စိတ်နေမပြောင်း
သမိုင်းကြောင်း၏၊ အရှိသေချာ
သင်ခန်းစာယူ၊ ရည်တူလက်တွဲ
မြဲထက်မြဲအောင်
လုပ်ဆောင်နေတာ၊ ဒို့မြန်မာ။

❒ စိတ်ထားမြန်မာ၊ သိဖို့ရာများ
ပြောကြားနေတာ၊ သင့်သိက္ခာတွက်
ပြန်တွက်ချက်၍၊ လုပ်လက်စအလုပ်
ဆက်လုပ်ဖို့ရာ၊ သင့်ပါသလား
စဉ်းစားသုံးသပ်၊ ဆုံးဖြတ်နိုင်ရန်ဖြစ်ပါ၏။ ။

ဖိုးဝ

စာမျက်နှာ ၃ ဆောင်းပါးမှ အဆက်

အနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာသံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြပါသည်။

ရေစက်ချ အခမ်းအနား မကျင်းပမီ ၁၉၉၈ခုနှစ် ဧပြီလ ၂၉ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်၍ အာနန္ဒာ သိမ်တော်ကြီးအား သိမ်နုတ်၊ သိမ်သမုတ်ကြပါသည်။

တည်းခိုဆောင်(ဇရပ်)

လုမ္ဗိနီဒေသသို့ စဉ်ဆက်မပြတ် ရောက်ရှိကြသည့် သပ္ပုရိသန္တယ်ဝင် ဘုရားဖူးသူတော်စင် ပြည်သူအများ စိတ်နှလုံး ချမ်းမြေ့စွာ ကိုယ့်အိမ်ကိုယ့်ရာအလား တည်းခိုနေထိုင်နိုင်ရန် နှစ်ထပ်တည်းခိုဆောင် (ဇရပ်)ကို ၁၉၉၈ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၀ပြည့်နှစ် ဧပြီလ၂၈ရက်နေ့တွင်ပြီးစီးခဲ့ပါသည်။ ယင်းနေ့တွင်ပင် သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့်မြန်မာသံအမတ်ကြီးတို့က ရေစက်ချ မင်္ဂလာအခမ်းအနားကျင်းပခဲ့ပါသည်။ရေမီး၊ ပစ္စည်းပစ္စယအစုံဖြင့် ဘုရားဖူး ၆၀ ကျော် တည်းခို နေထိုင်နိုင်သည့် သေသပ်ခေတ်မီသော တည်းခိုဆောင် (ဇရပ်)ဖြစ်ပါသည်။ အောက်ထပ်တွင် ကျယ်ဝန်းသော ထမင်းစားခန်းမနှင့် ရှေ့မျက်နှာစာတွင် အနားယူရန် ပန်းဥယျာဉ် ပါဝင်ပါသည်။

တည်းခိုဆောင်တွင် နေထိုင် ဘုရားဖူးကြသည့် ရဟန်း၊ ရှင်လူ ပြည်သူအများ ရေပူ၊ ရေအေးအသုံးပြုနိုင်ရန် နေရောင်ခြည်သုံး ဆိုလာရေစင်တစ်ခုကို ၂၀၀၃ ခုနှစ်အတွင်း ဖြည့်စွက်တည်ဆောက်ပေးခဲ့ကြောင်း သိရှိရပါသည်။

သာသနာ့ဗိမာန်တော်ကြီး(ဓမ္မာရုံ)

ဘုရားဖူး ရဟန်း၊ ရှင်လူ ပြည်သူအများ တရားဘာဝနာ ပွားများအားထုတ်နိုင်ရန်နှင့်ဘာသာရေးဆိုင်ရာ အခမ်းအနားများကျင်းပနိုင်ရန် ခံ့ညားထည်ဝါလှသည့် မြန်မာ့ယဉ်ကျေးမှုလက်ရာ သာသနာ့ဗိမာန်တော် (ဓမ္မာရုံကြီး)ကို ၂၀၀၀ပြည့်နှစ် ဧပြီလ ၂၈ ရက်နေ့တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ ဆောက်လုပ်ခဲ့ရာ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြီးစီး၍ ရေစက်ချအခမ်းအနား ကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာ နာယကဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာသံအမတ်ကြီးတို့ တက်ရောက်ချီးမြှင့်ကြပါသည်။လုမ္ဗိနီရှိ သာသနိက အဆောက်အအုံများအနက် ထုထည်အကြီးမားဆုံးဖြစ်သောသာသနာ့ဗိမာန်တော်မှာ ကုန်ကျငွေအများဆုံးဖြစ်ပြီး နီပေါရူပီးငွေ သိန်း ၂၈၀ကျော် ကုန်ကျကြောင်း သိရှိရပါသည်။

လုမ္ဗိနီဒေသတွင် မြန်မာနိုင်ငံအစိုးရနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းက ဆောက်လုပ်လှူဒါန်းကြသည့် သာသနိက အဆောက်အအုံအားလုံးမှာ ခံ့ညားထည်ဝါ၊ သပ္ပာယ်၊ သန့်ရှင်းသေသပ်ကြသဖြင့် ကမ္ဘာမှာ မြန်မာဟေ့ဟု ဥဒါန်းကျူးရင့်ပြီး မြန်မာမှုအနုပညာ၊ ဗိသုကာ လက်ရာကို ကမ္ဘာသိကြေညာနိုင်မည့် အဆင့်ရှိကြောင်း ကြားသိရပါသည်။ ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်လေ့လာကြကြောင်း ကြားသိရပါသည်။ အိန္ဒိယနှင့် နီပေါနိုင်ငံမှ ရုပ်ရှင်အဖွဲ့များ မကြာခဏလာရောက်ကြ၍ စိစစ်ခွင့်ပြုရသည့် အနေအထားရှိကြောင်း သိရှိရပါသည်။

လုမ္ဗိနီဒေသတွင် မြန်မာတို့၏ အလှူသာသနိကအဆောက်အအုံများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီ တည်ဆောက်ပြီးစီးခြင်းမှာနိုင်ငံတော် အကြီးအကဲအမှူးပြု၍ တာဝန်ရှိပုဂ္ဂိုလ်များက အချိန်နှင့် တစ်ပြေးညီ တိကျစွာ လမ်းညွှန်မှုပေး၍ ငွေကြေးမှအစ မတည်ပံ့ပိုးကူညီပေးခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ရဟန်းရှင်လူ ပြည်သူတို့က စေတနာသဒ္ဓါတရား ထက်သန်စွာ အလှူငွေများ ပါဝင် လှူဒါန်းခြင်း၊ သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံက လိုအပ်သည်များ ကူညီပေးခြင်း၊ သာသနာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အခြားဌာနများက ပံ့ပိုးကူညီပေးခြင်း၊ တိုင်းခြား ပြည်ခြားတွင် ကြီးမားသော လုပ်ငန်းတည်ဆောက်ခြင်းဖြစ်၍ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံရုံး သံအမတ်ကြီး အဆက်ဆက်နှင့် သံရုံးဝန်ထမ်းများက အနီးကပ် ကြီးကြပ်လမ်းညွှန်မှုပေးခြင်းတို့ကြောင့်ဖြစ်ပါသည်။ မြေကွက်များရယူချိန်မှစ၍ သာသနိက အဆောက်အအုံများ ဆောက်လုပ်ပြီးစီးချိန်အထိ စိတ်အား ထက်သန်စွာ အနီးကပ်ကြီးကြပ်ပေးခဲ့သည့် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးများမှာ ဦးလှမြင့်ဦး၊ ဦးခင်မောင်အုန်း၊ ဦးတင်လတ်၊ ဦးတင်ဝင်း၊ ဦးနေဝင်း၊ ဦးမြင့်ဆွေနှင့် ဦးဝင်းလွင် (အိန္ဒိယ)တို့ ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

လုမ္ဗိနီဒေသရှိ မြန်မာတို့၏ သာသနိက အဆောက်အအုံများ နောက်ဆုံး အခြေအနေနှင့်ပတ်သက်၍ ၂၀၀၄ခုနှစ် နိုဝင်ဘာလအကုန် ဒီဇင်ဘာလဆန်းက နီပေါနိုင်ငံ လုမ္ဗိနီ ဥယျာဉ်တွင်ကျင်းပသည့်ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သော သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၏ ပြောကြားချက်အရ လုမ္ဗိနီဒေသတွင်သာသနိကအဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းများကို မြန်မာ၊ တရုတ်၊ဂျပန်၊ ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့က အပြီးသတ် ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ မွန်ဂိုလီးယားနိုင်ငံတို့က ဆောက်လုပ်ဆဲဖြစ်ကြောင်း၊ နီပေါနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက လုမ္ဗိနီဒေသရှိ သာသနိက အဆောက်အအုံများအနက် မြန်မာနှင့် ဂျပန်နိုင်ငံတို့မှ အဆောက်အအုံများမှာ အထင်ရှားဆုံး၊အခမ်းနားဆုံးဖြစ်ကြောင်း၊ မြန်မာ့ရွှေကျောင်း၊ လောကမဏိစူဠာစေတီတော်၊ အာနန္ဒာသိမ်နှင့် သာသနာ့ဗိမာန်တို့သို့ရောက်ရှိလျှင် ငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်းအရသာကို ခံစားရကြောင်း၊မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများ ပေါ်လွင်ခမ်းနားပါကြောင်း စသည်ဖြင့် ဒုတိယဝန်ကြီးကိုပြောကြားကြောင်းသိရှိရရာ မြန်မာပြည်သူအများ ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။

ရှင်တော်မြတ်ဗုဒ္ဓ ဖွားမြင်ရာ ထူးခြားမြင့်မြတ်သည့် လုမ္ဗိနီဒေသရှိ မြန်မာနိုင်ငံအစိုးရနှင့် ရဟန်းရှင်လူ ပြည်သူများ၏ အလှူဒါန၊ သာသနိက အဆောက်အအုံများမှာ ကမ္ဘာတည်သရွေ့ တည်ရှိနေမည်သာ ဖြစ်ပါသည်။ ဆက်လက်၍လည်း လှူဒါန်းကြဦးမည် ဖြစ်ပါသည်။ စေတီတော် ရင်ပြင် ကျောက်ပြားခင်းခြင်း၊ဂြိုဟ်တိုင်၊ တံခွန်တိုင် ဆောက်လုပ်ခြင်းများ ဆောင်ရွက်ဆဲဖြစ်ပါသည်။ ဤသို့ ထူးခြားမွန်မြတ်လှသည့် ကုသိုလ်ဒါန အကျိုးကြောင့် မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ၊ တိုးတက်စည်ပင် ဖွံ့ဖြိုးပြီး ရဟန်းရှင်လူပြည်သူအပေါင်း ကာယသုခ၊ စိတ္တသုခတို့နှင့် ပြည့်စုံစေကြောင်း နိဗ္ဗာန်ကိုရက်တိုတိုဖြင့် မျက်မှောက်ပြုနိုင်စေကြောင်း၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ အခါသမယတွင် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။



ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး

ရန်ကုန် မေ ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ယမန်နေ့နံနက် ၈နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ ခေတ္တရာရတနာမြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့နာယက ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမောင်မောင်တင်(ငြိမ်း)၊ ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တိုင်းအတွင်းရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမှူး

ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) တွင် အခမ်းအနားမှူးအဖြစ် အလုပ်သမားဝန်ကြီးဌာန ပြည်မြို့ ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးမှ ဒေါ်ယုယုလွင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်မြို့ ခေတ္တရာမြို့သစ်မှ ဒေါ်နွယ်နွယ်ဝင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) သို့တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၃၀၀ရှိသည့်အနက် ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အကြိုညီလာခံ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညီလာခံ စတင်ကျင်းပကြောင်း ကြေညာသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့နာယက ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ထို့နောက် အကြိုညီလာခံ (၂၀၀၅)ကို နံနက် ၈ နာရီခွဲက ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်မှူးစိုးလွင် (ငြိမ်း)၊ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးဇော်ဝင်းမောင် (ငြိမ်း)၊ ဗိုလ်မှူးစန်းမော်ခင်(ငြိမ်း)နှင့် ဗိုလ်မှူးဝင်းအောင်ညို (ငြိမ်း)တို့က ဆောင်ရွက်ကြပြီး ရှေးဦးစွာသဘာပတိ ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

အစီရင်ခံစာတင်သွင်း

ဆက်လက်၍ ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ အစီရင်ခံစာကို တင်သွင်းကြရာ ပြည်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးမြင့်သိန်းက “အမျိုးသားနိုင်ငံရေးကဏ္ဍ”၊ “နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ” နှင့် “စီးပွားရေးကဏ္ဍ”တို့ကို လည်းကောင်း၊ ပြည်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးထွန်းဝင်း(ငြိမ်း)က “လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍ”နှင့် “ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ”တို့ကိုလည်းကောင်း တင်ပြကြသည်။

ယင်းနောက် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်နှင့် စပ်လျဉ်း၍ ပြည်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)က “အမျိုးသားနိုင်ငံရေးကဏ္ဍ” ကို လည်းကောင်း၊ ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်နေလင်း(ငြိမ်း)က“နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ” ကို လည်းကောင်း၊ ပေါက်ခေါင်းမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်ညွန့်(ငြိမ်း)က “စီးပွားရေးကဏ္ဍ”ကို လည်းကောင်း၊ ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)က “လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍ” ကို လည်းကောင်း၊ ပြည်မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးညွန့်(ငြိမ်း)က “ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ” ကို လည်းကောင်း အသီးသီးအကြံပြု ဆွေးနွေးကြသည်။

အတည်ပြုချက်ရယူ

ထို့နောက် သဘာပတိက ပဲခူးတိုင်း (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို ညီလာခံကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)က ချမှတ်သည့် ဆုံးဖြတ်ချက် သုံးရပ်၊ အတည်ပြုချက် တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို အတည်ပြုဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ပဲခူးတိုင်း(အနောက်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မိတ္ထီလာဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် မေ ၂၁

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)၏ ပဓာနနာယကဆရာတော် ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)သည် ရှမ်းပြည်နယ် နမ့်စန်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် မေ ၁၀ရက်မှ ၁၆ရက်အထိ (ကဆုန်လဆန်း၃ရက် မှ ၉ရက်အထိ)ကျင်းပမည့် တရားစခန်းပွဲ၌ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်း ပညာရေးကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၈နာရီက အဆိုပါကောလိပ် ဓမ္မသာလာဓမ္မာရုံတွင်ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၈၄ဦးတို့ ကိုယ်တိုင်ကြွရောက်ခံကြပြီး ၄၄ဦးတို့ အဝေးရောက် အပူဇော်ခံခဲ့ကြသည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ စုံစုံညီညီ တက်ရောက်ပူဇော်ကန်တော့ကြသည်။ **(အောက်ပုံ)**

ဝမ်းမြောက်စကား

အခမ်းအနားတွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက အမျိုးသားပညာရည်မြင့်မားရေး ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ပူဇော်ကန်တော့ခံ ဆရာကြီးဦးတင်ဖေ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဆရာမကြီး ဒေါ်မြူရီရယ်ထွန်းကျော် ကျောင်းအုပ်ကြီး(ငြိမ်း)တို့က ဩဝါဒစကားပြောကြားကြပြီး မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး ဦးဆောင်ကြိုးပမ်းခဲ့ကြသည့် ကျောင်းသားကျောင်းသူဟောင်းများက မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးနှင့် အနန္တမေတ္တာကို ဖော်ကျူးပန်ကြားကြသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် တိုင်းရင်းဆေးအလှူရှင်များကလည်း မြန်မာတိုင်းရင်းဆေးများ လှူဒါန်းကြသည်။ ပဉ္စမအကြိမ်အာစရိယပူဇော်ပွဲကို လာမည့် ၂၀၀၆ခုနှစ် မေလတွင်ကျင်းပသွားရန်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ် ကဆုန်လပြည့်နေ့ (ဥပုသ်နေ့)
၂၂-၅-၂၀၀၅(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်)မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ဟောကြားတော်မူသော ကဆုန်လပြည့် ဗုဒ္ဓနေ့ ကိုယ်တွေ့ဉာဏ်မြင် နိဗ္ဗာန်ဝင်တရားတော်
၈:၁၅ ၅။ ဓမ္မပူဇာတေးအစီအစဉ်
၈:၃၀ ၆။ International News
၈:၄၅ ၇။ Hill of Dhamma

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“စောရဝိဇ္ဇာနှင့်မိစ္ဆာခွင်းဓား”** (အပိုင်း-၅)
၁၂:၂၅ ၅။ ရွှေလီတံတား
၁၂:၄၀ ၆။ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၁၃:၄၀ ၇။ ဓမ္မပူဇာတေးအစီအစဉ်
၁၄:၀၀ ၈။ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား
၁၄:၁၅ ၉။ အတီးပြိုင်ပွဲ
၁၄:၃၀ ၁၀။ စလင်းရေလျှောင်တမံ
၁၄:၄၅ ၁၁။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆:၅၀ ၅။ ဓမ္မပူဇာတေးအစီအစဉ်
၁၇:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၈။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၃၅ ၉။ ကဆုန်လပြည့်နေ့တေးများ
၁၇:၅၀ ၁၀။ ကုသိုလ်ပန်းဝေ သွန်းညောင်ရေ
၁၇:၅၅ ၁၁။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ခွန်းခြွေသိ တစ်ရာ့တစ်လီ”** (အပိုင်း-၂၄)
၁၉:၃၀ ၁၅။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့်ဗုဒ္ဓနေ့ တရားတော် (သံဝေဇနီယလေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်သံသရာ”**(အပိုင်း-၄၃)
၂၀။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

✡ *ကျောဖုံးမှ*

စက်ခလုတ်နှိပ်ဖွင့်လှစ်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက် ပြီးစီးသွားသော ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန်လမ်းပေါ်ရှိ သံလွင်တံတား(တာပါး) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တံတားကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တံတားဖွင့်ပွဲတက်ရောက်

သံလွင်တံတား(တာပါး)ဖွင့်ပွဲ အခမ်းအနားကို တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၉)မှ တာဝန်ရှိသူများ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ်နှင့် မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးဖုန်ကြာဖူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့တို့မှ အသင်းဝင်များနှင့် တပ်ဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် မင်္ဂလာစည်တော်အကအဖွဲ့ဝင်များ၊ ရှမ်း၊ကချင်နှင့် ပလောင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မူဆယ်ခရိုင်၊ လောက်ကိုင်ခရိုင်နှင့် မူဆယ်၊ ကွတ်ခိုင်၊ တာမိုးညဲ၊ ကုန်းကြမ်းနှင့် လောက်ကိုင်မြို့နယ်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော်တက်ရောက်ကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် မူဆယ် ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင် တံတား (တာပါး) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ဝမ်းသာကြည်နူး

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ အရှေ့မြောက်ဖျား ဝေးလံပြီးအစွန်အဖျားကျသည့် ဒေသတစ်ခု၌ ဒေသခံတိုင်းရင်းသား သွေးချင်းသားရင်းညီအစ်ကိုမောင်နှမများ၏ ကူးသန်းဆက်သွယ်သွားလာရေး ပိုမိုလွယ်ကူချောမွေ့စေမည့် မြစ်ကူးတံတားတစ်စင်းကို ယခုကဲ့သို့တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော် အစိုးရကိုယ်စား များစွာကျေနပ်အားရမိသကဲ့သို့ ဒေသခံပြည်သူများ ဝမ်းသာပီတိဖြစ်နေမှုကို တွေ့မြင်ခံစားရသည့်အတွက်လည်း များစွာဝမ်းသာကြည်နူးမိပါသည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

အကွက်ချစီမံပေး

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး၏အကျိုးကို ရှေးရှုပြီး ဒေသတစ်ခုချင်း တစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး သဟဇာတဖြစ်စွာ ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာစေရအောင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျ အကွက်ချ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အစီအမံများကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး စနစ်တကျအကွက်ချ တည်ဆောက်ပေးလျက်ရှိသည့်အတွက် ယခုသံလွင်မြစ်ကူး တာပါးတံတားကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများ တစ်ခုပြီးတစ်ခု အောင်မြင်ပြီးမြောက်လာသည့်အခါတိုင်းတွင် မျှော်မှန်းထားသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများမှာလည်း အပိုင်းလိုက်အပိုင်းလိုက်ကွက်လပ်ဖြည့်သကဲ့သို့ တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်ပြည့်စုံလာလျက်ရှိနေပြီ ဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား (တာပါး) ဖွင့်ပွဲ အခမ်းအနားတွင် ဆောက်လုပ်ရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

သိသာစွာတိုးတက်လာ

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းနေခဲ့သည့် ရှမ်းပြည်နယ်အတွင်းတွင် နိုင်ငံတော်အစိုးရက အကွက်ချတည်ဆောက်ပေးနေသည့် လမ်း၊ တံတားစီမံကိန်းတစ်ရပ် အောင်မြင်ပြီးစီးတိုင်း ရှမ်းပြည်နယ်၏ ကူးသန်းသွားလာမှု၊စီးပွားကုန်သွယ်ရေးအရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာမှုများသည် သိသာစွာ တိုးတက်ဖြစ်ထွန်းလာသည်ကို အားရကျေနပ်ဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

စီမံကိန်းချမှတ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတိုးမြှင့်ပေးရေးနှင့်စပ်လျဉ်း၍ အလွန်မြင့်မားသော မျှော်မှန်းချက်နှင့် လမ်းညွှန်ချက်များချမှတ်ပေးထားပြီလည်းဖြစ်ကြောင်း၊ ယင်းလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ်၏ အချက်အချာဒေသတိုင်းမှာသာမက အခြားသောပြည်နယ်၊ တိုင်းဒေသများနှင့် ဆက်သွယ်ပေးသည့် ပြည်ထောင်စုလမ်းမကြီးများ အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့်အရှေ့ပိုင်းတို့ကို လမ်းခရီးတစ်ဆက်တစ်စပ်တည်းဖြစ်စေရန်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့ကြီးများအချင်းချင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် လမ်းများဆက်စပ်ယှက်သွယ်ဖောက်လုပ်ပေးရန်၊ ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်ပေးရန် စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် ကြည့်မည်ဆိုလျှင် ရှမ်းပြည်နယ် (တောင်ပိုင်း)၌ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်းတို့ကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဆက်သွယ်ရေးလမ်းကြောင်းများ တိုးပွားလာသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

နေ့ချင်းခရီးပေါက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ယခင်ကခက်ခဲစွာသွားခဲ့ရသည့် မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးမှာလည်း ယခုဆိုလျှင် မန္တလေး-မူဆယ် နေ့ချင်းခရီးပေါက်သည်အထိ တိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း။

ယင်းလားရှိုး-မူဆယ်လမ်းမကြီးပေါ်မှ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းကိုတည်ဆောက်ပေးခဲ့ပြီဖြစ်သည့်အပြင် ယခုကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန်လမ်းပေါ်က တာပါးကူးတို့ဆိပ်မှာ သံလွင်မြစ်ကူးတာပါးတံတားကြီးကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်၍ လားရှိုး-မူဆယ်လမ်းမကြီးပေါ်ကနေ သိန္နီ-ချင်းရွှေဟော်လမ်းနှင့် ကွတ်ခိုင်-တာရွှေထန်လမ်းတို့ကတစ်ဆင့် တရုတ်ပြည်နယ်စပ်ဒေသများအထိ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ပြီဖြစ်ကြောင်း။

တစ်ပြေးညီပါဝင်

အထူးသဖြင့် ရှမ်းပြည်နယ်အတွင်း၌ သံလွင်မြစ်ကူးတံတားကြီးများဖြစ်သည့် တာကော်အက်တံတား၊ တာဆန်းတံတားနှင့် ယနေ့ဖွင့်လှစ်သည့် တာပါးတံတားတို့ကို တည်ဆောက်ပေးခဲ့သည့်အတွက် သံလွင်မြစ်ကြီးခြားနေ၍ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့် သံလွင်အရှေ့ခြမ်းဒေသများသည် သံလွင်အနောက်ခြမ်းဒေသများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် တစ်ပြေးညီယှဉ်တွဲပါဝင်လာနိုင်သည့် အခြေအနေကို ရောက်ရှိနေပြီ ဖြစ်ကြောင်း။

အပြန်အလှန်ဆက်စပ်

တစ်ပြိုင်တည်းမှာပင် ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးရေးအထူးဒေသကြီး(၄) ခုသတ်မှတ်ပြီး စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံဆေးခန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများ၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ၊ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ စသည့် လူမှုစီးပွားရေး အခြေခံကောင်းများကိုပါ စနစ်တကျ စီမံကိန်းများချမှတ်ပြီး တည်ဆောက်ထူထောင်ပေးခဲ့သည့်အတွက် ရှမ်းပြည်နယ်သည် အခြားသောပြည်နယ်၊တိုင်းများနှင့် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများပါ အပြန်အလှန် ဆက်စပ်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား (တာပါး) ဖွင့်ပွဲတွင် ဒေသခံ တိုင်းရင်းသား ပြည်သူများကိုယ်စားကွတ်ခိုင်မြို့နယ်မှ ဦးမြင့်လွင်က ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းသို့ ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အချိန်တိုအတွင်း ဖြစ်ထွန်းလာခဲ့မှုကို သုံးသပ်ကြည့်မည်ဆိုလျှင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းနေခြင်းမှာပဓာနအကျဆုံးသောအခြေခံ အကြောင်းတရား ဖြစ်သည်ဆိုတာလည်း ထင်ရှားနေပြီဖြစ်ကြောင်း။

အစွန့်ရှည်တည်တံ့

ထို့ကြောင့် တိုင်းရင်းသား လူမျိုးများအကြား အပြန်အလှန် လေးစားချစ်ကြည်မှု၊ အပြန်အလှန် ယုံကြည်ကိုးစားမှု၊ အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် ကူညီဖေးမ ရိုင်းပင်းမှု၊ အပြန်အလှန် အမှီသဟဲပြုမှုတို့ ပေါက်ဖွားလာသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားခိုင်မာနေမှသာ တည်ငြိမ်အေးချမ်းသာယာမှုအခြေခံကောင်းများ ဖြစ်ထွန်းပြီး ပြည်ထောင်စုကြီးလည်း အစွန့်ရှည်တည်တံ့ခိုင်မြဲမှာဖြစ်သည်ဆိုသည်ကို တိုင်းရင်းသား ပြည်သူများအားလုံးက စွဲမြဲစွာ ခံယူထားကြရန် လိုအပ်မှာဖြစ်ကြောင်း။

ရှမ်းပြည်နယ်သည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေအနိဋ္ဌာရုံများကို အများဆုံးခံစားခဲ့ရသည့်ဒေသတစ်ခုဟုဆိုရမှာဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့တို့သည် တိုင်းရင်းသား လူမျိုးများအကြား တစ်ယူသန်လူမျိုးရေး အစွဲအလမ်းများကို မျိုးစေ့ချပေးသည့် သဘောဖြင့် တောင်ပေါ်မြေပြန့်၊ ပြည်နယ်ပြည်မဆိုပြီး သွေးခွဲအုပ်ချုပ်ခဲ့ရာတွင် ရှမ်းပြည်နယ်ကို ပဒေသရာဇ်အုပ်ချုပ်မှု ပုံစံဟောင်းမှာ ခြွင်းချန်ထားခဲ့ပြီး ပြည်ထောင်စုကြီး၏ အခြားသောအစိတ်အပိုင်းဒေသများနှင့် သိသာစွာ ခွဲထုတ်ခဲ့သည်ကို တွေ့နိုင်ကြောင်း။ ***စာမျက်နှာ ၈ ကော်လံ ၁ သို့***

❑ ကိုလိုနီနယ်ချဲ့၏ အနိဋ္ဌာရုံဆိုးမွေများ ရှမ်းပြည်နယ်အတွင်း ပြန်လည်တစ်ပတ်လည်မလာစေရန် အဖျက်သမားများ၊ ပြည်ထောင်စုဖြိုခွဲရေးသမားများ၏ အန္တရာယ်ကို ဒေသခံတိုင်းရင်းသား ပြည်သူများအားလုံးက ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲ ပေါင်းစည်းပြီး အစဉ်တစိုက် တွန်းလှန်တိုက်ဖျက်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ပြီးသော ဦးအိုက်မုန်း၊ ဦးကန်န၊ ဦးဂုဏ်ခေးတို့နှင့် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့ပြင် ရှမ်းပြည်နယ်မှာပင် လူမျိုးကိုအညွန့်တုံးစေမည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ကိုလိုနီနယ်ချဲ့တို့သည် မျိုးစေ့ချပေးခဲ့ပြန်သည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မည့်အချိန်တွင်လည်း ရှမ်းပြည်နယ်ကို ၎င်းတို့လက်အောက်၌ ချန်ထားခဲ့ရန် အမျိုးမျိုးကြိုးစားခဲ့သည်ကို သမိုင်းမှာ အထင်အရှားပင်ဖြစ်ကြောင်း။

နိုင်ငံတော် လွတ်လပ်ရေးရပြန်တော့လည်း ကိုလိုနီနယ်ချဲ့တို့ ထားရစ်ခဲ့သည့် ဆိုးမွေများဖြစ်သည့် အယူဝါဒနှင့် ဂိုဏ်းဂဏ အစွဲအလမ်းများ၊ တစ်ယူသန်လူမျိုးရေးအစွဲအလမ်းများ၊ ပုဂ္ဂိုလ်ရေး အစွဲအလမ်းများကြောင့် လက်နက်ကိုင်ဆန့်ကျင်မှုများဖြစ်ပေါ်ခဲ့ရပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့ရသကဲ့သို့ ပြည်သူအများ ကျီးလန့်စာစားနေခဲ့ရခြင်းများ၊ နယ်မြေဒေသ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရခြင်းများမှာ မေ့ပျောက်မရနိုင်သည့် သမိုင်းအတွေ့အကြုံ သင်ခန်းစာများပင်ဖြစ်ကြောင်း။

လာခဲ့သည့်အတွက် နယ်မြေဒေသ တစ်ခုပြီးတစ်ခု တည်ငြိမ်အေးချမ်းလာခဲ့ရာမှာ ရှမ်းပြည်နယ်ဒေသက စတင်ခဲ့သည်မှာလည်း ခါးသီးသည့်သမိုင်းအတွေ့အကြုံများက လွတ်မြောက်လိုသည့် ရှမ်းပြည်နယ်ရှိ ပြည်သူများ၏ ခံစားချက်အစစ်အမှန်ဟု ဆိုရမှာဖြစ်ကြောင်း။

ဆန့်ကျင်ချေမှုန်း

သို့သော်လည်း ပြည်ထောင်စုကြီးကို ဖဲ့ထုတ်ဖြိုခွဲပြီး ၎င်းတို့ဩဇာအာဏာအောက် တစ်စချင်းသွတ်သွင်းရန် အစဉ်တစိုက်ကြိုးစားလုပ်ဆောင်နေသည့် ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ၎င်းတို့၏လက်ဝေခံအဖျက်သမားများသည် ရှမ်းပြည်နယ်ကအစပြုပြီး တစ်ယူသန်လူမျိုးရေးအစွဲအလမ်းများ၊ အာဃာတများပြန်လည်သွတ်သွင်း သွေးခွဲနိုင်စေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားစေမည့် လုပ်ဇာတ်ခင်းစွပ်စွဲမှုများ၊ ပြည်ထောင်စုကြီးပြိုကွဲစေမည့်အစီအမံများကို စနစ်တကျ ပြည်တွင်းပြည်ပ ချိန်ကိုက်လှုပ်ရှားလုပ်ဆောင်လာနေသည်ကို ရှမ်းပြည်နယ်က တိုင်းရင်းသားပြည်သူများအားလုံး

တည်ဆောက်လာနိုင်ခဲ့သည်မှာ ဆယ်စုနှစ် တစ်နှစ်ကျော်ခန့်သာ ရှိသေးကြောင်း။

ယနေ့ထက်တိုင်လည်း ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် တိုင်းရင်းသားလူမျိုးများအကြား ဆူကြုံနိမ့်မြင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်တို့ ရှမ်းပြည်နယ်အတွင်းက အပြီးတိုင်ပပျောက်သွားစေရအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြရဆဲပင်ဖြစ်ကြောင်း။

ထို့ကြောင့် ကိုလိုနီနယ်ချဲ့၏ အနိဋ္ဌာရုံဆိုးမွေများ ရှမ်းပြည်နယ်အတွင်း ပြန်လည်တစ်ပတ်လည်မလာစေရန် အဖျက်သမားများ၊ ပြည်ထောင်စုဖြိုခွဲရေး

မိဘ၊ ဆွေမျိုး၊ ဇနီး၊ သားသမီးများ၏ ရင်ခွင်သို့ ရောက်ရှိပြီး သာယာသည့်မိသားစုဘဝကို ခံစား နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး)ကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့ကြောင့် မိမိတို့နိုင်ငံတော်၏ တာဝန်ရှိလာသည့် အချိန်အခါသမယတွင် သမိုင်းအတွေ့အကြုံ သင်ခန်းစာများနှင့်အညီ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းစေရအောင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြန်လည်ဖြစ်ထွန်းစေရအောင်၊ တိုင်းရင်းသားလူမျိုးများအကြား ဆူကြုံနိမ့်မြင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းပပျောက်စေရအောင် ဦးစားပေးကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ခံစားချက်အစစ်အမှန်

နိုင်ငံတော်အစိုးရ၏ ဖြူစင်ဖြောင့်မတ်သည့် စိတ်ရင်းစေတနာမှန်ကို သိမြင်ပြီး တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း တဖွဲဖွဲဝင်ရောက်

က ပြည်ထောင်စုစိတ်ဓာတ်အခြေခံနှင့် အစဉ်အမြဲသတိပြု ဆန့်ကျင်ချေမှုန်းကြရန် လိုအပ်မှာဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့တို့ ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျဖန်တီးထားရစ်ခဲ့သည့် တစ်ယူသန်လူမျိုးရေးအစွဲအလမ်းများ၊ တိုင်းရင်းသားလူမျိုးများအကြား သံသယပွား အချင်းများစေမှုများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလူမျိုးများ အောင်မြင်စွာ လက်တွဲတွန်းလှန်ဖယ်ရှားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အေးချမ်းသာယာမှု၊ ပေါင်းစည်းလက်တွဲမှုအခြေခံကောင်းများ ပြန်လည်

သမားများ၏အန္တရာယ်ကို ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲပေါင်းစည်းပြီး အစဉ်တစိုက် တွန်းလှန်တိုက်ဖျက်သွားကြရန် လိုအပ်ကြောင်း။

အခြေခံကောင်းများဖြစ်ထွန်းစပြု

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်အင်အားစုသုံးရပ်၏ ခိုင်မြဲသည့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုစွမ်းအားကြောင့် ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံးမှာ တည်ငြိမ် အေးချမ်းမှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာမှု၊ ပြည်သူများလူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားမှုအပြုသဘော အခြေခံကောင်းများသည် ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာဖြစ်ထွန်းစပြုလာနေပြီ ဖြစ်ကြောင်း။

ဤအခြေအနေ အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်သူများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်မျိုးသားလုံး လက်တွဲကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိနေပြီလည်းဖြစ်ကြောင်း။

အကောင်အထည်ပေါ်ဖြစ်ထွန်းရေး

နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းသားလူမျိုးများအားလုံး အေးအတူပူအမျှဥမကွဲသိုက်မပျက် ပေါင်းစည်းယှက်နွယ် နေထိုင်ရင်း လက်တွဲထူထောင်ခဲ့ကြသည့် ပြည်ထောင်စုကြီး၊ အရေးကြုံတိုင်းတွင် တစ်သွေးတည်းတစ်သားတည်း လက်တွဲကာကွယ်ခဲ့ကြသည့် ပြည်ထောင်စုကြီးကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်နှင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရန်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အဆင့်ဆင့် အကောင်အထည်ပေါ်ဖြစ်ထွန်းလာရေးသည် အဓိကပင် ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲအောင်၊ ပြည်ထောင်စုကြီးဆိုသည့် အသိုက်အမြုံပျက်စီးသွားအောင် နည်းလမ်းအဖုံဖုံရှာပြီး တစ်မျိုးပြီးတစ်မျိုး အမြဲမပျက် ဖန်တီးလုပ်ဆောင်နေကြသည့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားလူမျိုးများအားလုံးက အမျိုးသားရေးသတိနှင့် တွန်းလှန်ချေမှုန်းရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်

ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ စနစ်တကျစီမံဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကိုရှေးရှုပြီး ဒေသတစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်ထောင်စုကြီး၏နယ်မြေဒေသ အစိတ်အပိုင်းအားလုံး သဟဇာတဖြစ်စွာ ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာစေရအောင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျအကွက်ချ စီမံဆောင်ရွက်လျက်ရှိ။

အောင်မြင်အကောင်အထည်ပေါ်လာစေရအောင် ပြည်ထောင်စုကြီး၏ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ပူးပေါင်းလက်တွဲ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရ၏ ဖြူစင်ဖြောင့်မတ်သည့် စိတ်ရင်းစေတနာမွန်ကြောင့် ဖြစ်ထွန်းလာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို အကျိုးရှိထိရောက်စွာ အသုံးချပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်မှုကတစ်ဆင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မာပြီး ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသားလူမျိုးအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက သံလွင်တံတား(တာပါး)ဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဒို့တာဝန် အရေးသုံးပါးဆိုသည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန်အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှုချောမွေ့ရန် တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ လမ်းနှင့် တံတားများကို နေ့မအားညမနား အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ရာ ယခုဆိုလျှင် လမ်းမိုင် ၅၀၀၅မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ ပေ ၁၈၀နှင့်အထက် တံတားကြီးများမှာလည်း ယနေ့အထိတည်ဆောက်ပြီး ၁၉၈စင်းရှိနေပြီး ဆောက်လုပ်ရေးတစ်ခုတည်းက ဤတံတားအပါအဝင် ၁၈၂စင်း တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

တာပါးတံတားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်နှင့် လောက်ကိုင်ခရိုင်ကို ဆက်သွယ်လာနိုင်မည့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန်လမ်းပေါ်၌ သံလွင်မြစ်ကိုဖြတ်သန်းဖောက်လုပ်ထားခြင်း ဖြစ်ကြောင်း၊ ယနေ့အထိ သံလွင်မြစ်ပေါ်တွင် ဤတံတားအပါအဝင် တံတားငါးစင်း တည်ဆောက်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ယင်းတို့မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် အရှေ့ပိုင်းကို ဆက်သွယ်သွားလာနိုင်သည့် တာဆန်းတံတား၊ ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်တံတား(ဘားအံ)၊ မွန်ပြည်နယ်၌ မုတ္တမနှင့် မော်လမြိုင်ကို ဆက်သွယ်ဖောက်လုပ်ထားပြီး နှစ်မိုင်ကျော်ရှည်သည့် မြန်မာနိုင်ငံတွင် လက်ရှိအရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီးဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာပင် တန့်ယန်း-ပန်ဆန်းလမ်းပေါ်က တာကော်အက်တံတားနှင့် ယနေ့ဖွင့်လှစ်သည့် တာပါးတံတားတို့ဖြစ်ကြောင်း။

တစ်နှစ်ခွဲအတွင်းဖွင့်လှစ်

တာပါးတံတားကို ၁-၁၁-၂၀၀၃ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်ရေး ပစ္စည်းများကိုလည်း ရန်ကုန်-မန္တလေး-လားရှိုး-ကွတ်ခိုင်ကတစ်ဆင့် လုပ်ငန်းခွင်ရောက်အောင် အဆင့်ဆင့်ပို့ဆောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ စက်၊ ယာဉ်၊ ယန္တရားများ၊ တည်ဆောက်ရေးပစ္စည်းများ စုဆောင်းပြီးချိန်မှာ မိုးတွင်းကာလဖြစ်သော်လည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ရေစီးအလွန်သန်သည့် သံလွင်မြစ်အတွင်းတွင် တံတားအုတ်မြစ်လုပ်ငန်း၊ ကြိုးထိန်းခုံနှင့် တာဝါတိုင်အုတ်မြစ်လုပ်ငန်းများကို ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းလုပ်ငန်းများပြီးသည့်အခါတွင်လည်း အမြန်ဖွင့်လှစ်နိုင်အောင် တံတားအပေါ်ထည် သံမဏိကြိုးတပ်ဆင်ခြင်းနှင့် သံပေါင်တပ်ဆင်သည့် လုပ်ငန်းများကို ကမ်းနှစ်ဖက်စလုံးကနေ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ တစ်နှစ်ခွဲကာလအတွင်းတွင် တံတားကိုဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်ကြောင်း။

ဆက်လက်တည်ဆောက်ပေးမည်

တာပါးတံတားကြီး အချိန်မီပြီးစီးအောင်တည်ဆောက်နိုင်ရန် အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့သည့် တိုင်းမှူးနှင့်တကွ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို အထူးကျေးဇူးတင်ရှိကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် နယ်စပ်ဒေသများပါမကျန် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလမ်းစဉ်များမှာ ဝန်ကြီးဌာနအသီးသီးက လုပ်နိုင်အောင်၊ အဓိကလိုအပ်သည့် လမ်းပန်းဆက်သွယ်မှုချောမွေ့အောင် ယခုကဲ့သို့ အရေးပါသည့်လမ်းများ၊ တံတားများကို အထူးကြိုးစားပြီး ဆက်လက်တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ကအမှာစကားပြောကြားရာတွင် နိုင်ငံနှင့်အဝန်း ပေ၁၈၀အထက်အရှည်ရှိသော တံတားကြီးပေါင်း ၁၉၈စင်း အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ရာတွင် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအလှ၊ သဘာဝသယံဇာတ၊ သဘာဝသင်္ကေတလက္ခဏာများဖြစ်ကြသည့်

နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မူဆယ် ခရိုင် ကွတ် ခိုင် မြို့ နယ် ရှိ သံ လွင် တံ တား (တာ ပါး) ဖွင့် ပွဲ အ ခမ်း အ နား သို့ တက် ရောက် လာ သောဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်ကြီးများပေါ်၌ တည်ဆောက်ထားကြသည့် မြစ်ကူးတံတားကြီးများသည် နိုင်ငံတော်အတွက် အထူးအားကိုးအားထားအသုံးဝင်သော အခြေခံအဆောက်အအုံကြီးများ ဖြစ်သကဲ့သို့ မြစ်ကြီးများ၏ ဝဲယာတစ်ဖက်တစ်ချက်တွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရင့်သန်ခိုင်မာစေရန် ကြီးမားသောအကျိုးကျေးဇူးများကို ဖြစ်ထွန်းစေလျက်ရှိကြောင်း။

တည်ဆောက်ပေးနိုင်

နိုင်ငံနှင့်အဝန်း ဧရာဝတီမြစ်ကူးတံတားကြီးခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီးနှစ်စင်း၊ စစ်တောင်းမြစ်ကူးတံတားကြီးတစ်စင်းတို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည့်နည်းတူ မိမိတို့ရှမ်းပြည်နယ်ကို မြောက်မှ တောင်သို့ဖြတ်သန်းစီးဆင်းလျက်ရှိနေသည့် သံလွင်မြစ်ပေါ်တည်ဆောက်ထားသော မြစ်ကူးတံတားကြီးများဖြစ်ကြသော ယနေ့ဖွင့်လှစ်လိုက်သည့် ပေ၆၀၀အရှည်ရှိ တာပါးတံတားကြီးအပါအဝင် ပေ၆၀၀အရှည်ရှိ တာကော်အက်တံတား၊ ပေ၉၀၀အရှည်ရှိ တာဆန်းတံတား၊ ၂၂၅၂ပေအရှည်ရှိ ဘားအံတံတား၊ ၁၁၅၇၅ပေအရှည်ရှိ မြန်မာပြည်တွင်အရှည်လျားဆုံးသံလွင်မြစ်ကူးမော်လမြိုင်တံတားကြီးတို့ကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သည့်တာပါးတံတားကြီးမှာ နိုင်ငံတော်ပိုင်နက်နယ်နိမိတ်၏ အရှေ့ဘက်အစွန်အဖျား ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ တိုင်းရင်းသားပြည်သူများနှင့်အကြား၊ မန္တလေး-လားရှိုး-ကွတ်ခိုင်-မူဆယ်-နမ့်ခမ်းပြည်ထောင်စုလမ်းမကြီးကို ဆက်သွယ်ပေးနေသည့် တာမိုးညဲ-မုံးစီး-တာပါး-လောက်ကိုင် လမ်းကြောင်းပေါ်တွင် တည်ရှိသည့် တံတားကြီးဖြစ်ကြောင်း။

ရင်းနှီးချစ်ကြည်မှုတိုးတက်လာနိုင်

ဤတံတားကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ဒေသနေပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးများကို အဘက်ဘက်တွင် တိုးတက်ဖြစ်ထွန်းစေရန် အထောက်အပံ့ရရှိစေမည်သာမက ပြည်ထောင်စုတိုင်းရင်းသား သွေးချင်းညီအစ်ကိုများအချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်စည်းလုံးမှုကိုလည်း များစွာတိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ဤတံတားကြီးကို အချိန်တိုကာလအတွင်း တည်ဆောက်ပြီးစီးအကောင်အထည်ပေါ်လာစေရေးအတွက် နေ့၊ ည အားသွန်ကြိုးပမ်းတည်ဆောက်ခဲ့ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပညာရှင်များနှင့်ကျွမ်းကျင်လုပ်သားများ၊ တံတားကြီးတည်ဆောက်ပြီးစီးရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော ဒေသနေတိုင်းရင်းသားပြည်သူများအားလုံးတို့ကို အထူးပင်ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်းနှင့် ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ဒေသနေ တိုင်းရင်းသားပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးသွားကြပါရန်လည်း တိုက်တွန်းအပ်ပါကြောင်း။

ယနေ့အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သော သံလွင်မြစ်ကူး(တာပါး)တံတားကြီးသည် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကဏ္ဍအတွက် ခိုင်မာသည့် အခြေခံအဆောက်အအုံတစ်ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည့်နည်းတူ ဒေသနေပြည်သူများ၏ လူနေမှုဘဝ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး) မုခ်ဦးရှေ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၉ မှ

တိုးတက်မြင့်မားလာစေရေးအတွက် အလွန်အရေးပါသော အခြေခံအဆောက်အအုံသစ်ကြီးတစ်ခုကို တိုးတက်တည်ဆောက် အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်းဖြစ်သည့်အတွက် ဒေသနေတိုင်းရင်းသား ပြည်သူများအားလုံး၏ကိုယ်စား နိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် လမ်းတံတားများ တိုးတက်ကောင်းမွန်လာမှုကြောင့် နယ်မြေဒေသအလျှင်အမြန်တိုးတက်လာပြီး တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး မြင့်မားတိုးတက်လာသည့် အကျိုးကျေးဇူးများ လက်တွေ့ခံစားလာနေကြရသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ ကိုယ်စား နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ကွတ်ခိုင်မြို့နယ်မှဦးမြင့်လွင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တံတားထိပ်မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က သံလွင်တံတား(တာပါး)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သံလွင်တံတား(တာပါး) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ တံတားသစ်ကြီး၏မုခ်ဦးရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား (တာပါး)ကို ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယခုဖွင့်လှစ်လိုက်သော သံလွင်တံတား(တာပါး)သည် ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာရွှေထန် လမ်းပေါ်၌ တည်ရှိသည်။ မူဆယ်ခရိုင်နှင့် လောက်ကိုင်ခရိုင်တို့ကို ဆက်သွယ်ထားသည့် အတိုဆုံးလမ်းကြောင်းတစ်ခုဖြစ်ပြီး တံတားအရှည်မှာ ပေ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၆ပေ ၄လက်မရှိသည်။

တံတား၏အုတ်မြစ်မှာ Pile Foundationအမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ကြမ်းခင်း၊ သံမဏိသံပေါင် ကြိုးတံတားဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန်၆၀ ဖြစ်သည်။

တွေ့ဆုံဆွေးနွေး

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ပြီးသော ဦးအိုက်မုန်း၊ ဦးကန်န၊ ဦးဂုဏ်ခေးတို့နှင့် ယနေ့နံနက် ၁၁နာရီခွဲတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင် ယခင်က ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၁)မှ ဦးကန်န၊ တပ်မဟာ(၁၉)မှ ဦးဂုဏ်ခေးနှင့် ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ (PSLA)မှ ဦးအိုက်မုန်းတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခဲ့ကြပြီးဖြစ်ကြောင်း။

လွတ်လွတ်လပ်လပ်လုပ်ကိုင်

ယခုကဲ့သို့ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်ခဲ့ကြသည့် အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ မိဘ၊ ဆွေမျိုး၊ ဇနီး၊ သားသမီးများ၏ရင်ခွင်သို့ ပြန်လည်ရောက်ရှိကြပြီး အေးချမ်းသာယာသည့် မိသားစုဘဝများကို ရရှိခံစားကြရတော့မှာဖြစ်သလို မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်နိုင်ကြမှာဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူများ အနေဖြင့်လည်း နယ်မြေဒေသအတွင်း ငြိမ်းချမ်းမှုအပြည့်အဝရရှိပြီး ယခင်က ဖြစ်ပေါ်ခံစားခဲ့ကြရသည့် ကြောက်လန့်မှု၊ စိုးရိမ်ပူပန်မှုများ လွတ်ကင်းပပျောက်ပြီး မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှု စီးပွားရေးလုပ်ငန်းများ အေးချမ်းစွာဆောင်ရွက်နိုင်ကြတော့မှာ ဖြစ်ကြောင်း။

နယ်မြေဒေသတစ်ခုလုံးနှင့် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခု အပြည့်အဝ အေးချမ်းသာယာမှုများ ဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

စစ်မှန်သည့်ငြိမ်းချမ်းမှု

ဤသည်မှာ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် လက်နက်ကိုင်အဖွဲ့ဝင်များအတွက်သာ တိုင်းရင်းသားပြည်သူများအတွက်ပါ စစ်မှန်ပြည့်ဝသည့် ငြိမ်းချမ်းမှုပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားများ လူနေမှုအဆင့်မြင့်မားစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူပင် နိုင်ငံတော်၏ လူဦးရေအများဆုံးနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းလုပ်ငန်းများ လျင်မြန်စွာအကောင်အထည်ပေါ်စေရန် တိုင်းရင်းသားပြည်သူများနှင့်အတူ ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း၊ ပြည်သူများနည်းတူ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကိုခံယူရင်း နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်ပြီးသော မန်တုံဒေသ၊ စယ်အူဒေသနှင့် နမ့်ပေါင်ဒေသတို့တွင် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က အဆိုပါဒေသများအတွင်း ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ထပ်မံပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က မိမိတို့ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် လားရှိုးမြို့မှ ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

စစ်မှုထမ်းဟောင်းများနှင့်တွေ့ဆုံ

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံတို့သည် မေ ၂၀ရက် ညပိုင်းတွင် လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တက်ကြွစွာပူးပေါင်း

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပါဝင်လုပ်ဆောင်မှုကဏ္ဍ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဝင် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အရန်အင်အားတိုးပွားရေး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်ငါးရပ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးမှာကြားပြီး စစ်မှုထမ်းဟောင်းဝတ်စုံများကို တာဝန်ရှိသူတို့ထံ ပေးအပ်သည်။

ပံ့ပိုးပေးအပ်

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မေ ၂၀ရက် မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့ အမှတ်(၁) မူကြိုကျောင်းသို့ရောက်ရှိရာ မူကြိုကျောင်းတာဝန်ခံ ဆရာမ ဒေါ်လှလှဌေးက ကျောင်းနှင့်ပတ်သက်၍ တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ကလေးငယ်များ အတွက် စားစရာများ၊ သင်ကြားမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ စက်ဘီးများ ပေးအပ်သည်။

ယင်းမှတစ်ဆင့် အမှတ်(၂) မူကြိုကျောင်းသို့ရောက်ရှိရာ မူကြိုကျောင်းတာဝန်ခံ ဆရာမ ဒေါ်ဗျက်စိမ်းက ကျောင်းနှင့်ပတ်သက်၍ တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီ ကလေးငယ်များအတွက် စားစရာများ၊ သင်ကြားမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ စက်ဘီးများ ပေးအပ်သည်။

ဆက်လက်၍ လားရှိုးမြို့ လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး ဦးအောင်သန်းညွန့်က ကျောင်းနှင့်ပတ်သက်၍ တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသားများအား နှုတ်ဆက်အားပေး ဆုံးမစကားပြောကြားပြီး ကျောင်းသားများအတွက် စောင်၊ အနွေးထည်၊ အဝတ်အထည်များ ပံ့ပိုးပေးအပ်သည်။ **(သတင်းစဉ်)**

မေ၁၅ရက်က ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း ဗီဝိတဒါန အလှူတော်အတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ကွယ်လွန်သူ ဦးဝင်းရှိန် (လန်ဒန်ဂိုးဖလိပ်)အား ရည်စူး၍ ဇနီးဒေါ်သောင်းညွန့်က လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တိပိဋကစာမေးပွဲအောင် သာသနာ့အာဇာနည်ချီးကျူးပူဇော်ပွဲ တိပိဋကဓမ္မရက္ခိတအဖွဲ့ပိမာန်တော်၌ ကျင်းပမည်

ရန်ကုန် မေ ၂၁

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးနှစ်ပါး တိပိဋကရေ ရွေးချယ်ရေးဩဝါဒါစရိယအဖွဲ့မှ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးရှစ်ပါးတို့အား ရိုသေစွာ ပင့်ဖိတ်၍ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါးကို အလှူခံတော်မူလျက် (၅၇)ကြိမ်မြောက် တိပိဋကရေစာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် စာအောင်သံဃာတော် အရှင်သူမြတ် ၃၄ပါးတို့အား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ဇွန်၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်၁၅ရှိ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ထံသို့ ပင့်လျှောက်လွှာများ ဆက်ကပ်ထားပြီးဖြစ်သော်လည်း ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီကြွရောက်တော်မူကြရန်နှင့် ဗိမာန်တော်အလှူရှင်များ၊ ဆွမ်းအလှူရှင်များ၊ ငွေပဒေသာပင် အလှူရှင်များ၊ အသင်းဝင်များ၊ ဓမ္မမိတ်ဆွေများလည်း ကြွရောက်ကြည်ညိုနိုင်ကြောင်းနှင့် ဖုန်း–၃၈၂၁၁၁၊ ၂၄၈၂၂၄ တိပိဋကဓမ္မရက္ခိတအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းထစ်ချုန်းမည့်အခြေအနေဖြစ်ပေါ်နိုင်

ရန်ကုန် မေ ၂၁

လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့ တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဖောင်းတူမြို့တွင် ၂ဒသမ ၈၄လက်မ၊ မော်လမြိုင်မြို့တွင် ၁ဒသမ ၈၅လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင်၁ဒသမ ၅၄ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ဒသမ ၃၈လက်မ၊ တောင်ကြီးမြို့တွင် ၁ဒသမ ၃၄လက်မ၊ ရန်ကုန်(မြို့လယ်) တွင် ၁ဒသမ ၂၂လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၁ဒသမ ၁၈လက်မတို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ မွန်ပြည်နယ်တွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်မြဲထက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်းတွင် ဖြစ်မြဲထက် ၁၀ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားပျော့နေသည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ ၂၂ရက်နေ့ ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါကု/မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Development - CPD Forum for General Practice Family Medicine) ကို မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ မေ ၂၅ ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံမြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း ရွှေရင်အေးစပါးမျိုး တစ်ဧက ၁၆၅တင်းနှုန်းထွက်ရှိ

ကျိုင်းတုံ မေ ၁၈

ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်းနှင့် စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့များ ကြီးမှူး၍ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဝမ့်နားရွာအနီး ကွင်းအမှတ်(၇၈)ရှိ တောင်သူ ဦးစိုင်းရှည်၏ လယ်မြေ၇ဒသမ ၈၄ ဧကတွင် မေ၁၄ရက်က နွေစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနား ကျင်းပသည်။ (အပေါ်ပုံ)

အဆိုပါ ဦးစိုင်းရှည်၏ လယ်မြေ ၇ဒသမ၈၄ဧကတွင် ရွှေရင်အေး စပါးမျိုး စိုက်ပျိုးထားရှိပြီး အထွက်နှုန်းမှာ တစ်ဧက၁၆၅တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်တွင် နွေစပါး စုစုပေါင်း ၇၁၇၁ ဧက စိုက်ပျိုးသည့်အနက် ယန်းလောကျေးရွာမှ ဧက ၁၇၇၀ စိုက်ပျိုးခဲ့ပြီး ယနေ့ အထိ ၅၀ ရာခိုင်နှုန်းခန့် ရိတ်သိမ်းပြီးစီးရာ ယခုနှစ်တွင်နွေစပါးအထွက်နှုန်းကောင်းမွန်ပြီး ပျမ်းမျှ တစ်ဧက တင်း၈၀ ကျော်ထွက်ရှိကြောင်းသိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

စာပေဟောပြော၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာကြည့်တိုက်ရန်ပုံငွေနှင့် စာအုပ်၊စာစောင်များလှူဒါန်း

ပုသိမ် မေ ၁၀

မြန်မာ့သစ်လုပ်ငန်း ဧရာဝတီတိုင်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၁၇)သစ်စက် မြင်းကကွင်းကျေးရွာတွင် စာပေဟောပြောပွဲနှင့် ကိုယ့်အားကိုယ်ကိုး လုပ်သားစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီက အဆိုပါ သစ်စက်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ လယ်တွင်းသား စောချစ်၊ ဒါရိုက်တာ မောင်ဝဏ္ဏနှင့် စာရေးဆရာ ကောင်းသန့်တို့က စာပေရေးရာများကို ဟောပြောကြပြီး ကိုယ့်အားကိုယ်ကိုး လုပ်သားစာကြည့်တိုက်အတွက် စာအုပ်၊စာစောင် ၂၀၀ကျော်ကို စာရေးဆရာ ကောင်းသန့်က လှူဒါန်းကာ စာကြည့်တိုက်ရန်ပုံငွေကျပ် ၃၀၀၀၀ ကို ဒေသမန်နေဂျာ ဦးအောင်သိန်းက ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

တောင်ငူ အထွေထွေရောဂါကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများ အုတ်တွင်းမြို့နယ်၌ ပညာပေးဟောပြော၊ အခမဲ့ဆေးကုသပေး

အုတ်တွင်း မေ ၁၅

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းဆေးကုသခြင်းအခမ်းအနားကို ဧပြီ၂၃ရက် နံနက်ပိုင်းက ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမတွင် ကျင်းပရာ တောင်ငူခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ ရစ်ချဒ်ဘိုနီက အမှာစကား ပြောကြားသည်။

ထို့နောက် တောင်ငူမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ခင်လေးရီက အနာကြီးရောဂါအကြောင်းကို လည်းကောင်း၊ ဒေါက်တာဥမ္မာနွယ်က တီဘီရောဂါအကြောင်းကိုလည်းကောင်း၊အုတ်တွင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ သန်းသန်းဆွေက ငှက်ဖျားရောဂါ အကြောင်းကိုလည်း ကောင်း၊ တောင်ငူမြို့ အထွေထွေရောဂါ ကုဆေးရုံကြီးမှ ဆေးလုပ်မှုဆက်ဆံရေးမှူး ဒေါ်ငြိမ်းငြိမ်းခိုင်က ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသီးသီးဟောပြော ဆွေးနွေးကြပြီး ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဆေးဝါးအခမဲ့ကုသပေးနိုင်ရန် လှူဒါန်းသော အလှူငွေကျပ် တစ်သိန်းကို ဆေးရုံအုပ်ကြီး ဒေါက် တာရစ်ချဒ်ဘိုနီ က အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ကျန်းမာရေးဟောပြောပွဲအပြီးတွင် ဆရာဝန်ကြီးများက လူနာပေါင်း ၆၃၀ အား အခမဲ့ဆေးဝါးကုသခဲ့ပြီး ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဆိုင်ရာများအား ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၃၁၆)**

ဖွံ့ဖြိုးစည်ပင် ကျေးလက် တစ်ခွင်

ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာတွင် ဦးညိုတုတ်၏ကျေးလက် အိမ်ရာ တည်ဆောက်ပြီးစီးမှုကို ဧပြီ ၂၈ ရက်က အမှုဆောင်အရာရှိဦးသန်းဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင့်လွင်ဦးတို့ ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တီးတိန်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း အခြေခံစက်ချုပ်နှင့် သိုးမွှေးစက်ဆွဲသင်တန်းဆင်းပွဲ ကျင်းပ

တီးတိန် မေ ၁၀

ချင်းပြည်နယ် တီးတိန်မြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း၊ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၄/၂၀၀၄)နှင့် သိုးမွှေးစက်ဆွဲသင်တန်းအမှတ်စဉ် (၂/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဂိုးဆွင်းခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် အခြေခံစက်ချုပ်သင်တန်း ထူးချွန်ဆုရရှိသော မညောင်ဘမ်းကိမ်နှင့် သိုးမွှေးစက်ဆွဲ ထူးချွန်ဆုရရှိသော မအွဲဆန်းကျိန်တို့ကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ ချုပ်လုပ်ပြီး အဝတ်အထည်များနှင့် ထောက်ပံ့အဝတ်အထည်များကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လွန်းလမ့်ဝုန်ကပေးအပ်ရာ သင်တန်းသူများကိုယ်စား မကျိန်လွန်းဟွဲ၊ မခုပ်ဇမ်းကျိန်၊ မကျိန်ရှန်းဟွဲတို့က လက်ခံရယူကြသည်။

ထို့နောက် ကျောင်းအုပ် ဒေါ်အေးမေက သင်တန်းဆင်းလက်မှတ်များပေးအပ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွန်ဟိန်းမြို့ တွင် အခြေခံစက်ချုပ်သင်တန်းဖွင့်

ကွန်ဟိန်း မေ ၅

ကွန်ဟိန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်သည့် အမျိုးသမီးများ အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၅ရက်မှ မေ၂၄ ရက်အထိဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာလမ်းအဆင့်မြှင့်ခြင်း

မတ်၂၁ရက်က မကွေးမြို့ မဲထီးလမ်း ရေစားချိုင့်အား ကတ္တရာလမ်း အဆင့်မြှင့်ခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ဝိုင်းမော် မေ ၁၂

ဝိုင်းမော်မြို့နယ် နောင်စီပေါကျေးရွာ ကိုယ့်အားကိုယ်ကိုး သုတဘဏ် စာကြည့်တိုက်ဖွင့်ပွဲကို မေ၇ရက် နံနက် ၉နာရီက ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးဖားကိုက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘောမ်ယိန်းက စာအုပ်မျိုးစုံ ၅၀ ပေးအပ်လှူဒါန်းသည်။

အလားတူ ဝိုင်းမော်မြို့အမှတ်(၁)ရပ်ကွက်တွင် အေးရိပ်ငြိမ် စာကြည့်တိုက်ကို လည်းကောင်း၊ အမှတ်(၃)ရပ်ကွက်တွင် အလင်းသစ် စာကြည့်တိုက်ကိုလည်းကောင်း ရပ်ကွက်ဥက္ကဋ္ဌ ဦးထေရိုးပရာဆပ်နှင့် ဦးဆောင်ဘောမ် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက သုတ၊ ရသ စာအုပ်၅၀စီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကချင်ပြည်နယ်ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၁

ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက် နံနက် ၈ နာရီကမြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်း၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်စံထွန်းနှင့်တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် အဖွဲ့ဝင်များ၊ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စန်းလွင်နှင့် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်က ပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေကရဲတပ်ဖွဲ့၏ လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ရှင်းလင်းမှာကြားပြီး အစည်းအဝေးကို ဆက်လက်ကျင်းပကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်က တောင်သူလယ်သမားအကျိုးစီးပွား စေတနာထားဆောင်ရွက်ပေးလျက်ရှိ တောင်သူလယ်သမားကြီးများ စပါးပန်းတိုင်အထွက်နှုန်းရရှိရေး စွမ်းစွမ်းတမံ ကြိုးပမ်း

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းကကြီးမှူးဖွင့်လှစ်သည့် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ရေးပညာပေးဌာန၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ကြိုးပမ်းဆောင်ရွက်

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးလှသည့် အချက်တစ်ချက် ဖြစ်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ လယ်ယာကဏ္ဍ၌ စပါးသီးနှံသည် စိုက်ဧကအများဆုံးနှင့် ထုတ်လုပ်မှုတန်ဖိုး အများဆုံးဖြစ်ပြီး ရိက္ခာသီးနှံလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ရိက္ခာသီးနှံဖြစ်သည့်စပါးကို စားနပ်ရိက္ခာ ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်ပြီး ပိုလျှံအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ဆောင်ရွက်ကြရာတွင် စိုက်ပျိုးစနစ်များမှန်ကန်အောင် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ ရေတော်မိုးတော် စိုက်ဧကများ တိုးတက်လာအောင် ဖော်ဆောင်ရေး စသည့်နည်းလမ်းလေးသွယ်နှင့် အညီ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တင်း ၁၅၀ ကျော် ထွက်ရှိ

သီးနှံစိုက်ပျိုးရေးတွင် စိုက်စနစ်မှန်ကန်ရေးသည် အလွန်အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ လှည်းကူးမြို့နယ် မလစ်ကျေးရွာနှင့် တိုက်ကြီးမြို့နယ် ဖလုံကန်ကုန်းကျေးရွာ နွေစပါးပန်းတိုင်အထွက်နှုန်း၊ အထူးဇုန်များ၌ စပါးပန်းတိုင်အထွက်နှုန်း၊ မိတ်ဖက်အချက်များဖြစ်သော တစ်ဧက ရှိရမည့် အောင်နှံပေါင်း၊ တစ်နှံမှာရှိရမည့် အောင်စေ့ပေါင်းဆိုသည့် အချက်များကို သတ်မှတ်ထားသော စွမ်းရည်ပြည့်ဝစွာ ရရှိအောင် နည်းပညာအသုံး ပြုပြီး ဆင်းသွယ်လတ်မျိုးကို လက်တွေ့ စိုက်ပျိုးပြသခဲ့ရာ တစ်ဧက တင်း ၁၅၀ ကျော် ထွက်ရှိခဲ့ကြောင်း။

ရန်ကုန်တိုင်း၌ အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည်တွင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေရရှိရေးသည် အဓိကအချက်ဖြစ်ကြောင်း၊ ရှိပြီးသား ရေလှောင်တမံကြီးများအပြင် ငမိုးရိပ်ရေကူ ပေါင်းလင်းနှင့် မဟူရာရေလှောင်တမံကြီး နှစ်ခုကိုလည်း ထပ်မံတည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ငမိုးရိပ် ရေတံခါးကြီးကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ဆက်တိုက်အကောင်အထည်ဖော်

ကဝမြို့နယ် မိုးယွန်းကြီးအင်းမှ တစ်ဆင့် ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ သန်လျင်မြို့နယ်များအထိ ရေသွယ်မြောင်းကြီးများဖြင့် ရေရရှိရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့ အရှေ့ဘက်ခြမ်းမှ ရွှေလှေ ရေထိန်းတံခါးကြီးကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ခရမ်းချောင်း ရေထိန်းတံခါးကြီးကိုလည်း ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ထို့အပြင် အခြားရေရရှိရေးလုပ်ငန်းဖြစ်သည့် လျှပ်စစ်မြစ်ရေတင် အကြီးစား၊ အလတ်စား၊ အသေးစား စီမံကိန်းများကိုလည်း တစ်ခုပြီးတစ်ခု ဆက်တိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်က တောင်သူလယ်သမားကြီးများ၏ အကျိုးစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် နေ့မအား ညမနား စေတနာအပြည့်ထားရှိ ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ တောင်သူလယ်သမားကြီးများကလည်း စပါးပန်းတိုင် အထွက်နှုန်းထွက်ရှိရေးအတွက် ယနေ့သင်တန်းကပို့ချပေးမည့် နည်းပညာများကို စိတ်ဝင်တစား လေ့လာမှတ်သားပြီး မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိအောင် စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ကြည့်ရှုလေ့လာ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်သည်တော်များ၊ တောင်သူလယ်သမားကြီးများသည် ခန်းမအတွင်း ပြသထားသည့် စိုက်ပျိုးမြေများ ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ၊ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးရမည့် စပါးမျိုးများနှင့် အရည်အချင်းလက္ခဏာများ၊ တစ်နှံမှတစ်ကွင်း၊ တစ်ကွင်းမှတစ်နိုင်ငံ ခေါင်နှံမျိုးဖြင့် မျိုးသန့်ပွားများ ဆောင်ရွက်သည့် နည်းပညာများ၊ သီးနှံပိုးမွှားရောဂါ ကာကွယ်ရေးဆိုင်ရာ နည်းပညာများ စသည့် သင်တန်းအထောက်အကူပြု နည်းပညာပေးပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေး သင်တန်း၌ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ တောင်သူလယ်သမား ၃၀၇ ဦးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်း ၅၂ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရော်ဘာသုတေသနနှင့် မျိုးပွားခြံ(ဇရပ်ကွင်း)သို့ ရောက်ရှိကြပြီး ရော်ဘာပျိုးပင်များကို ပျိုးသက်အလိုက် ပြသထားရှိမှု၊ မြေပေါင်လက်ခံပျိုးခင်းနှင့် အိတ်စိုက် လက်ခံပျိုးခင်းများဖြင့် ရော်ဘာဖူးဆက်ပျိုးပင်များ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်း၊ တိုင်းနှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရော်ဘာစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိသဖြင့် ရော်ဘာတိုးချဲ့စိုက်ပျိုးကြရေး နည်းပညာပေးဆောင်ရွက်ကြရန် မှာကြားပြီး ရော်ဘာမျိုးစေ့များကို ပျိုးထုပ်များအတွင်း ထည့်သွင်း၍ ပျိုးထောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်း ဗဟိုနာယကအဖွဲ့ဝင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (အား/ကာ)

မုံရွာမြို့ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သာအေး နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

ရန်ကုန် မေ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၁၈ရက် နံနက် ၁၁နာရီက စစ်ကိုင်းတိုင်း ရွှေဘိုမြို့သို့ရောက်ရှိပြီး ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လူငယ်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က လူငယ်လေ့လာရေးခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့သို့ သွားရောက်ခဲ့ကြသည့် ရွှေဘိုခရိုင်အတွင်းမှ လေ့လာရေးအဖွဲ့ဝင်လူငယ်များက ခရီးစဉ်အတွေ့အကြုံများကို သက်ဆိုင်ရာပြည်နယ်၊တိုင်းများ၏ ဖွံ့ဖြိုးတိုးတက်မှု ဗီဒီယိုပြကွက်များဖြင့် ရှင်းလင်းတင်ပြကြသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် မုံရွာမြို့သို့ ဆက်လက်ထွက်ခွာပြီး မုံရွာမြို့ တိုင်းအသင်းရုံးတွင် ကျင်းပသော ပြည်သူ့ဆက်ဆံရေးနှင့်သုတစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်အတူ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာသူများက အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မေ၁၉ရက်နံနက်၉နာရီတွင် မုံရွာမြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းနှင့် ခရိုင်ရှစ်ခရိုင်မှ အသင်းအတွင်းရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။ ယင်းနောက် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသော အမှုဆောင်များစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ဆက်လက်၍ ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၆၅၀၀၀၀ ကို ဗဟိုအလုပ်အမှုဆောင်က လက်ခံရယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၂-၅-၂၀၀၅
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဆပ္ပါဏကောပမသုတ်"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Coconut (ဒုတိယနှစ်–အထူးပြုအားလုံး)
၄း၅၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"၂၄ နာရီ"** (အပိုင်း–၃)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ပဟေဠိနန်းတော်
၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း–၂၅)

အင်္ဂလိပ်အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ အာဆင်နယ် ပိုင်နယ်တီအဆုံးအဖြတ်ဖြင့် ဗိုလ်စွဲ

ရန်ကုန် မေ ၂၁

အင်္ဂလိပ် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၈နာရီခွဲက ကာဒစ်ဖ်မြို့ မီလီနီယမ်အားကစားကွင်း၌ အာဆင်နယ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်အသင်းက ပိုင်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အာဆင်နယ်အသင်းနှင့် မန်ချက်စတာ ယူနိုက်တက်အသင်းတို့သည် ပရီမီယာလိဂ်ဖလားနှင့် ကားလင်းဖလားတို့ကို လက်လွှတ်ခဲ့ရပြီးဖြစ်၍ အက်ဖ်အေဖလား ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားရာ ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းကပွဲချိန်တစ်လျှောက်လုံးခြေအသာစီးမှုကစားပြီး သေချာပေါက်ဂိုးရနိုင်သည့် အခွင့်အရေးများရှိခဲ့သော်လည်း ဂိုးကံခေ၍ ပိုင်နယ်တီအထိ ခရီးဆက်ခဲ့ရသည်။ မန်ချက်စတာယူနိုက်တက်အသင်းက ပွဲစသည်နှင့်အဆက်မပြတ် ထိုးဖောက်ကစားရာ ပထမပိုင်း၌ ရိုနယ်ဒို ကန့်လန့်ဖြတ်ချိုးပေးသည့် ဘောလုံးကို နစ္စတယ်ရွိုင်း ပိတ်သွင်းရန် ကြိုးစားသော်လည်း ဂိုးမဝင်၍ နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် မန်ယူကပင် ခြေအသာစီးမှုကစားပြီး အာဆင်နယ်ဘက်သို့ ထိုးဖောက်ဂိုးသွင်းခွင့်များ ရရှိခဲ့ရာ ပွဲချိန်၈၃မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့်ကျလာသော ဘောလုံးကို နစ္စတယ်ရွိုင်းခေါင်းတိုက်သွင်းယူရာ အာဆင်နယ်နောက်တန်းလူ၏ ခေါင်းတိုက် ဖျက်ထုတ်မှုကြောင့် သေချာပေါက် တစ်ဂိုး နစ်နာခဲ့ရပြန်သည်။

ပုံမှန်ပွဲကစားချိန် မိနစ်၉၀ပြီးဆုံးသည်အထိ ဂိုးမရှိသရေ ဖြစ်နေ၍ အချိန်ပိုဆက်ကစားရာ အာဆင်နယ်အသင်းက ကစားအားမြှင့်တင်နိုင်ခဲ့သည်။ အချိန်ပိုပထမပိုင်း၌ မန်ယူအလယ်တန်းလူပေါ်လ်စခိုးကန်သွင်းသောဘောလုံးကို အာဆင်နယ်ဂိုးသမား ပုတ်ထုတ်ကာကွယ်နိုင်ခဲ့၍ သေချာပေါက်တစ်ဂိုးနစ်နာသွားသည်။

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၌ အာဆင်နယ်မှ ပက်ထရစ်ဗီယာရာ(ဝဲ)နှင့် မန်ယူမှ ခရစ္စတီယာနိုရိုနယ်ဒိုတို့ ဘောလုံးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ (ဓာတ်ပုံ–အင်တာနက်)

အချိန်ပို ဒုတိယပိုင်း၌ မန်ယူအလယ်တန်းလူရှိုင်ယံဂစ်တစ်ဦးတည်းကျွံထွက်လာပြီး ဂိုးသွင်းခွင့်ရခဲ့သော်လည်း ဂိုးသမားဂျင်းလေမန်းရှေ့သို့ ပြေးထွက်ကာကွယ်ခဲ့သည်။ အချိန်ပိုမိနစ် ၃၀ ပြီးဆုံးခါနီးတွင် အာဆင်နယ်အသင်းမှ တိုက်စစ်မှူးရေးယက်စ်နစ်ဝါအနီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

အချိန်ပိုမိနစ်၃၀ပြီးဆုံးသည်အထိ ဂိုးမရှိသရေဖြစ်နေရာ ပိုင်နယ်တီငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။ ပိုင်နယ်တီကန်သွင်းရာတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ နစ္စတယ်ရွိုင်း၊ ရိုနယ်ဒို၊ ရွန်နီနှင့် ရွိုင်ကိန်းတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး ပေါလ်စခိုးကန်သွင်းသည့်ဘောလုံးကိုအာဆင်နယ်ဂိုးသမားဂျင်းလေမန်း ကာကွယ်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းအတွက် လောရင့်ရောဘတ်၊ ယွန်းဘတ်၊ ဗန်ပါစီ၊ အက်ရှ်လေကိုးလ်နှင့် ဗီယာရာတို့ ပိုင်နယ်တီကန်သွင်းရာ အားလုံးဂိုးဝင်သဖြင့် အာဆင်နယ်အသင်းက ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

မန်ယူအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲသွားသော အာဆင်နယ်အသင်းသားများ အက်ဖ်အေဖလားကြီးနှင့်အတူ ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။
(ဓာတ်ပုံ–အင်တာနက်)

အောင်မြင်မှုမှတ်တမ်း

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည့် သမိုင်းမှတ်တမ်းတစ်လျှောက် အာဆင်နယ်အသင်းက ၁၉၃၀ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အထိ ၁၀ ကြိမ်ဗိုလ်စွဲထားသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ၁၉၀၉ ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ၁၁ ကြိမ်ဗိုလ်စွဲထားရာ အောင်မြင်မှု အရှိဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

အာဆင်နယ်အသင်းနှင့် မန်ချက်စတာ ယူနိုက်တက်အသင်းတို့သည် ယခုနှစ်ဘောလုံးရာသီ၌ ငါးကြိမ်ဆုံတွေ့ခဲ့ရာ ကွန်မြူနတီဒိုင်းလုပွဲ၌ အာဆင်နယ်က သုံးဂိုး–တစ်ဂိုး၊ ပရီမီယာလိဂ်ပထမအကျော့၌ မန်ယူကနှစ်ဂိုး–ဂိုးမရှိ၊ပရီမီယာလိဂ် ဒုတိယအကျော့၌ မန်ယူက လေးဂိုး–နှစ်ဂိုး၊ ကာလင်းဖလားပွဲ၌ မန်ယူက တစ်ဂိုး–ဂိုးမရှိ၊ အက်ဖ်အေဖလားဗိုလ်လုပွဲ၌ အာဆင်နယ်က ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ။ **(မြန်မာ့အလင်း)**

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ အာဆင်နယ်အသင်းက မန်ချက်စတာ ယူနိုက်တက်အသင်းကို အနိုင်ရရှိပြီးနောက် အာဆင်နယ်အသင်းခေါင်းဆောင် ပက်ထရစ်ဗီယာရာနှင့် ဂိုးသမားဂျင်းလေမန်းတို့ ဤသို့ဝမ်းသာအားရ ပွေ့ဖက်ပျော်မြူးခဲ့ကြသည်။
(ဓာတ်ပုံ–အင်တာနက်)

မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ လှုံ့ဆော်ရေးမြေစိုက်ပိုစတာစိုက်ထူပွဲကျင်းပ

ရန်ကုန် မေ ၂၁

မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ (၂၀၀၅)လှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို မေ ၁၉ ရက် ညနေ ၃ နာရီတွင် မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ ပြည်နယ်ခန်းမရှေ့၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ပြည်နယ်၊ ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မွန်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ၂၀ရက်က ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ဖြစ်သော ကျပ်နှစ်သိန်းတန်ဖိုးရှိ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ အိပ်ရာခင်းများကို Yangon International Educare Centre (YIEC)°မိသားစုကလှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာခင်သက်ဝေ လက်ခံယူစဉ်။ (ကျန်းမာရေး)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၅ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၂၅ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများ၌ (က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် တစ်ဦးချင်းနှစ်ပွဲ၊ နှစ်ယောက်တွဲတစ်ပွဲ ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမားလေးဦးနှင့် အများဆုံးငါးဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ (ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲ သုံးပွဲကစားခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံးခြောက်ဦးနှင့် အများဆုံးခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

အဆိုပါ ပြိုင်ပွဲ၏စည်းကမ်းများမှာ (က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့်မဟုတ်သူများ၊ အသက် (၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကာ အသက်(၅၀)နှင့်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

၂၀၀၅ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် မေ၂၄ရက် ညနေပိုင်း နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀၊ ၃၈၁၉၈၁၊ Fax–၃၈၁၉၈၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းကိုယ်စားပြု စားပွဲတင် တင်းနစ်လက်ရွေးစင်များ ရွေးချယ်နိုင်ရေးရည်ရွယ်၍ ပထမအကြိမ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မေ ၁၉ ရက်မှ စတင်၍ ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပလျက်ရှိသည်။

ယနေ့ပွဲစဉ်များအပြီးတွင် အသင်းလိုက်ပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ အမျိုးသားပြိုင်ပွဲ၌ ပထမပုဇွန်တောင်မြို့နယ်၊ ဒုတိယစမ်းချောင်းမြို့နယ်၊ ပူးတွဲတတိယကျောက်တံတားမြို့နယ်နှင့်ဗိုလ်တထောင်မြို့နယ်၊ အမျိုးသမီးပြိုင်ပွဲ၌ ပထမ အင်းစိန်မြို့နယ်၊ ဒုတိယမရမ်းကုန်းမြို့နယ်၊တတိယဒဂုံမြို့နယ်တို့က ရရှိကြသည်။

ဗိုလ်လုပွဲ

မေ၂၂ရက်**(ယနေ့)** နံနက် ၁၀ နာရီတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့်ဆုပေးပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ကျော်မြင့်နိုင်(တာမွေမြို့နယ်)နှင့် ဘုန်းငွေစည်(ဒဂုံမြို့နယ်)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ ၁၇ မြို့နယ်မှ အမျိုးသား ၇၄ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၈၉ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉) ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရေးစီမံချက်ကို မေ၁၉ရက်က အမက (၃၂) ကျောင်း၌ ပြုလုပ်ရာ တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (က–ပ)

ကဆုန်လပြည့် ဗုဒ္ဓနေ့

ဘဒ္ဒကမ္ဘာမှာ ဂေါတမမြတ်စွာဘုရားဟာ မယ်တော်မာယာရဲ့ ဝမ်းကြာတိုက်မှ မီးရှူးသန့်စင်ဖွားမြင်တော်မူတာနဲ့ လက်ညှိုးထောင်ပြီး **"ငါဟာအမြင့်မြတ်ဆုံး၊ ငါအကြီးမားဆုံး ဒီဘဝဟာ နောက်ဆုံးပဲ၊ နောက်ဘဝ တစ်ဖန်မဖြစ်တော့"**လို့ ကြွေးကြော်တဲ့နေ့ဟာ ကဆုန်လပြည့်နေ့ပါ။ ဗောဓိညောင်ပင်ကိုအမှီပြုပြီး အပရာဇိတပလ္လင်မှာ သဗ္ဗညုတဉာဏ်တော်ရလို့ ဘုရားအဖြစ် ပွင့်ပေါ်တာလဲ ကဆုန်လပြည့်နေ့ပါပဲ။ ဒီနောက် ကုသိနာရုံအင်ကြင်းရဂုံမှာ ပရိနိဗ္ဗာန်ခိုလှုံစံမြန်းခဲ့တဲ့နေ့ဟာလဲ ကဆုန်လပြည့်နေ့ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ရယ်လို့ ဗုဒ္ဓဘာသာဝင်တွေက သတ်မှတ်ခေါ်ဝေါ်ကြတာ ဖြစ်ပါတယ်။

ဘုရားရှင်ဟာ ဝိသာခါနက္ခတ်နဲ့စမ်းယှဉ်ပြီး ဖွားမြင်တော်မူတာပါ။ ဝိသာခါနက္ခတ်နဲ့ စမ်းယှဉ်ပြီး ဘုရားဖြစ်တော်မူတာပါ၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတော့လဲ ဝိသာခါနက္ခတ်နဲ့ပဲ စမ်းယှဉ်ပါတယ်။ ဒါကြောင့်မို့ ကဆုန်လပြည့်နေ့ကို **"ဝိသာခါနေ့"**ရယ်လို့ မှတ်ယူရင်လဲ ရကောင်းပါတယ်။

ဗုဒ္ဓဘာသာဝင်မှန်သမျှဟာ ကဆုန်လပြည့်နေ့ရောက်ရင် ကဆုန်ညောင်ရေသွန်းလောင်းကြမယ်လို့ အတာကူးတဲ့ သင်္ကြန်အခါပြီးတာနဲ့ တာစူနေကြပါပြီ။ တန်ခူး၊ ကဆုန် ဆွေ့ဆွေ့ခုန်ရလောက်အောင် ပူပြင်းခြောက်သွေ့တဲ့အချိန်မှာ ရေအိုးကိုယ်စီ ရွက်သူရွက်၊ ပိုက်သူပိုက်နဲ့ ကုန်းဘောင်ခေတ်စာဆိုလက်ဝဲသုန္ဒရအမတ်ကြီး စပ်ဆိုခဲ့တဲ့ ရတုထဲက **"ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်"** ဆိုတဲ့အတိုင်း မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုတစ်ရပ်အနေနဲ့ **"ညောင်ရေသွန်းပွဲတော်"**ကို စည်စည်ကားကား ပျော်ပျော်ပါးပါးနဲ့ ဆင်ယင်ကျင်းပလေ့ ရှိပါတယ်။

ညောင်ပင်ဆိုလို့ရုက္ခဗေဒအလို၊ ထိုထိုသော ညောင်ချဉ်၊ညောင်ကြပ်၊ ညောင်ပိန္နဲ၊ ညောင်မုတ်ဆိတ် စတာတွေ မဟုတ်ပါဘူး။ ဗောဓိညောင်မျိုးကိုသာ ရေသွန်းလောင်းမြဲပါ။ ညောင်မျိုးရယ်လို့အပင်ချင်းတူပေမယ့် အရွက်အနေနဲ့ရွက်ပြားက အသည်းပုံရှိပြီး ရွက်ဖျားက သာမန်ညောင်ရွက်ထက်ရှည်ပြီး ချွန်ပါတယ်။ အဲဒီလို ဗောဓိညောင်ပင်မျိုးအောက်မှာ အမှီပြုပြီး မြတ်ဗုဒ္ဓဟာ ဘုရားအဖြစ် ပွင့်တော်မူခဲ့တာဖြစ်ပါတယ်။

ဘုရားအဆူဆူဟာ သူ့ဗောဓိပင်နဲ့သူ အမှီပြုပြီး ပွင့်ပေါ်တော်မူကြတာပါ။ အချို့ကံ့ကော်၊ တချို့သခွတ်ပင်၊ အချို့ကုက္ကို စသည်ဖြင့် ကြခတ်ဝါးပင်တောင် ပါပါသေးတယ်။ ဂေါတမမြတ်စွာဟာ ဖော်ပြပါ ညောင်ပင်မျိုးအောက်မှာ အမှီပြုပွင့်တာမို့ ဗောဓိညောင်ပင်လို့ အမည်တွင်တာပါ။ တချို့က ညောင်ဗုဒ္ဓဟေလို့လဲ ခေါ်ကြပါတယ်။ ဘုရားဖြစ်ခြင်းရဲ့အကြောင်း အထောက်အပံ့ဖြစ်လို့**"ဗောဓိဟေတု"**ကနေ**"ဗုဒ္ဓဟေ"** လို့ဆိုကြတာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်ပြီးတဲ့နောက် ဘုရားရှင်ကိုယ်စား တည်ထားကိုးကွယ်ကြတဲ့ စေတီလေးမျိုးထဲမှာ ဗောဓိညောင်ပင်(ဝါ) ညောင်ဗုဒ္ဓဟေဟာ ပရိဘောဂစေတီထဲမှာ ပါဝင်ပါတယ်။

ဗောဓိညောင်ပင်ဟာ ဘုရားရှင်ရဲ့ ဖွားဖက်တော်(၇)ပါးထဲမှာ တစ်ပါးအပါအဝင်လဲ ဖြစ်ပါတယ်။

ဗောဓိညောင်ပင်(ဝါ)ညောင်ဗုဒ္ဓဟေမျိုးနွယ်သာ ဗုဒ္ဓဘာသာဝင် မိဘဘိုးဘွားတွေက ခုလိုပူပြင်းခြောက်သွေ့ပြီး ရေခန်းခြောက်တဲ့ ရာသီမှာ သားစဉ်မြေးဆက်လက်ဆင့်ကမ်းပြီး ညောင်ရေသွန်းလောင်းခဲ့ကြလို့သာ ကနေ့ထိ မျိုးဆက်မျိုးနွယ် ရှင်သန်နေတာဆိုရင်လဲ မမှားပါဘူး။

ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဗောဓိညောင်ရေသွန်းလောင်းတာဟာ ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာတစ်ရပ် အနေနဲ့ရော၊ ဘာသာရေး အနေနဲ့ရော ထူးခြားမွန်မြတ်တဲ့ ကုသိုလ်ယူမှုဖြစ်ပါတယ်။ ပုဂံခေတ်

လှကေသီ

လောက်ကတည်းက သီဟိုဠ်(ယခုသီရိလင်္ကာနိုင်ငံ)ကနေ ဗောဓိပင်ကို ပင့်ဆောင်လာပြီး စိုက်ပျိုးကြ၊ ရွှေအခါ ပေါင်းသင်ရေလောင်းကြနဲ့၊ ပင့်ဆောင်စဉ်က ခမ်းနားသလို၊ ပြုစုစောင့်ရှောက်ရာမှာလဲ ထည်ဝါနေပါတယ်။

အင်းဝခေတ်ကျတော့ ၁၂ လရာသီဘွဲ့တွေမှာ ကဆုန်လပြည့်နေ့မှာ ကဆုန်ညောင်ရေသွန်းပွဲတော်ရယ်လို့ ထည့်သွင်း စပ်ဆိုနေကြပါပြီ။ နောက်ပိုင်း မြန်မာမှုနယ်ပယ်မှာ အသုံးအဆောင်အနေနဲ့ သောက်ရေအိုးသုံး ရေအိုးအမျိုးမျိုးအနက် ညောင်ရေသွန်းတဲ့အိုးကို အမြတ်တနိုးထားပြီး မြင့်ရာမြတ်ရာ ဘုရားဆောင်၊ ဘုရားခန်း၊ဘုရားစင်မှာ ထားရင်းက ဘုရားပန်းအိုးကိုတောင် ညောင်ရေအိုး၊ ညောင်ရေတကောင်းရယ်လို့ ဗုဒ္ဓဘာသာဝင်တွေ အမြတ်တနိုးနဲ့ နှုတ်ကျိုးနေကြပါပြီ။

> **ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဗောဓိညောင်ရေသွန်းလောင်းတာဟာ ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာ တစ်ရပ်အနေနဲ့ရော၊ ဘာသာရေး အနေနဲ့ရော ထူးခြားမွန်မြတ်တဲ့ ကုသိုလ်ယူမှုဖြစ်ပါတယ်။**

ဒါကြောင့်မို့ ဆုတောင်းဆုယူပြုရာမှာ **"ပန်းသပြေညောင်ရေလောင်းလို့ ဆုတောင်းခါ ကြုံနှင့်မယ်"**လို့ ဘုရားမှာတိုင်တည်လေ့ရှိကြပါတယ်။ အိုင်ချင်း တစ်ပုဒ်မှာ **"မောင့်ကိုလွမ်းတော့၊အလွမ်းရယ်မှ ဘယ်မပြေ၊ညောင်ရေအိုးက ကျွမ်းထိုးကောင်နှယ်၊ အပျိုဖြူမယ်နှမမယ် ကြုံရတယ်လေး"**လို့ ဖွဲ့ဆိုထားပါတယ်။

တစ်နှစ်မှာတစ်ရက် ခုလို **ကဆုန်လပြည့်နေ့မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေနဲ့ ညောင်ရေသွန်းလောင်းတဲ့ အစဉ်အလာကို တစိုက်မတ်မတ် လုပ်လာလိုက်ကြတာဟာ ယဉ်ကျေးမှုသက်သက် မဟုတ်မှုဘဲ ညောင်ရေသွန်းတဲ့အခါ "ဗောဓိညောင်ပင်ဟာ မြတ်စွာဘုရားရှင်ရဲ့ ဖွားဖက်တော်ပါလား။ ဒီဗောဓိပင်ရင်းမှာပဲ ဘုရားအဖြစ် တရားအစစ်ရတာမို့ အပင်ထူးအပင်မြတ်ကြီးဟာ ပရိဘောဂစေတီ ထိုက်ပါလား"**လို့ သက်တော်ထင်ရှား ဘုရားရှင်ရှိဘိအလား ရေသပ္ပာယ်တဲ့ ကုသိုလ်ပြုသလို၊ ရေကြည်ရေအေး၊ ရေမွှေးများနဲ့ သွန်းလောင်းပူဇော် ဦးခိုက်လေ့ရှိကြစမြဲဖြစ်ပါတယ်။ ခုလို ပူပြင်းခြောက်သွေ့တဲ့ရာသီမှာ ဗောဓိညောင်ပင်တစ်ပင်လုံး စိမ်းလန်းစိုပြည် မြရွက်ဝေလို့ အသက်ရှည်အောင် ကြည်လင်အေးမြတဲ့ ရေစင်ရေသန့်များနဲ့ သွန်းလောင်းရတဲ့ ကုသိုလ်ကြောင့် ကမ္ဘာနဲ့အဝန်း တဟုန်းဟုန်းတောက်လောင်နေတဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ ချုပ်ငြိမ်းပြီး မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသား မိသားစုများနဲ့တကွ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကိုယ်ရောစိတ်ပါ အေးချမ်းသာယာတဲ့ ဘဝကိုယ်စီရကြပါစေလို့ ဆုတောင်း ဆုယူပြုကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

> **ကဆုန်လပြည့်နေ့မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေနဲ့ ညောင်ရေသွန်းလောင်းတဲ့ အစဉ်အလာကို တစိုက်မတ်မတ် လုပ်လာလိုက်ကြတာဟာ ယဉ်ကျေးမှုသက်သက်မဟုတ်မှုဘဲ ညောင်ရေသွန်းတဲ့အခါ "ဗောဓိညောင်ပင်ဟာ မြတ်စွာဘုရားရှင်ရဲ့ ဖွားဖက်တော်ပါလား။ ဒီဗောဓိပင်ရင်းမှာပဲ ဘုရားအဖြစ် တရားအစစ်ရတာမို့ အပင်ထူးအပင်မြတ်ကြီးဟာ ပရိဘောဂစေတီထိုက်ပါလား" လို့ သက်တော်ထင်ရှား ဘုရားရှင်ရှိဘိအလား ရေသပ္ပာယ်တဲ့ ကုသိုလ်ပြုသလို ရေကြည်ရေအေး၊ ရေမွှေးများနဲ့ သွန်းလောင်းပူဇော် ဦးခိုက်လေ့ရှိကြစမြဲ ဖြစ်ပါတယ်။**

တရားစခန်းဝင် သံဃာတော်နှင့်ယောဂီများအား ရွှေဘိုမြို့၌ တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသပေး

ရွှေဘို မေ ၉

ရွှေဘိုမြို့ ကျောက်ကာကျောင်းတိုက်၌ ၁၀ ရက် တရားစခန်းဝင် ဆရာတော် သံဃာတော်များနှင့်ယောဂီများအား ဧပြီ ၂၃ ရက် နံနက် ၉နာရီက တိုင်းရင်းဆေးဖြင့် ကွင်းဆင်း ဆေးကုသပေးကြသည်။

ကျန်းမာရေးစစ်ဆေး

ရှေးဦးစွာ ၁၀ရက် တရားစခန်းရှိ သံဃာတော် ၃၅ပါးနှင့် ယောဂီ ၂၂၇ဦး တို့ကို ခရိုင်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ခင်ပိုနှင့် အဖွဲ့က ကျန်းမာရေး စစ်ဆေးပြီး ဆေးကုသပေးကြသည်။

ဆေးမျိုးစုံလှူဒါန်း

ယင်းကဲ့သို့ တိုင်းရင်းဆေးကုသရာတွင် ဦးဘိုကြီး (ရပ်ပျို တိုင်းရင်းဆေး)၊ ဦးသန်းထွန်း (ဦးသက်ပြင်းသားဆေးတိုက်)၊ ဒေါ်ချော (ဘုရင်ဆေးတိုက်)၊ ဦးစံလင်း(မင်းသီဟဆေးတိုက်)၊ဦးတင်မောင်မြင့် (သီဟမင်းဆေးတိုက်)နှင့် ဆရာဦးကြည်စိန်တို့က ဆေးဝါးမျိုးစုံကို လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

မေ၁၂ရက်က သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင်အောင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (လဝက)

(၆၄)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန် မေ ၂၀

ဗိုလ်တထောင်မြို့နယ် အမှတ်(၁) ရပ်ကွက်မှ ဦးတင်မောင်သန်း (လူမှုထူးချွန် ဒုတိယဆင့်)**(ဝဲပုံ)**သည် ဧပြီ ၂၄ရက်က မင်္ဂလာဗျူဟာ အသင်းချုပ်၏ (၇၆)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲတွင် (၆၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားပခုက္ကူ၌ ကျင်းပ

ပခုက္ကူ မေ ၁၂

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၆ရက် နံနက် ၉နာရီက ပခုက္ကူမြို့ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သိန်းက မီးသတ်တပ်ဖွဲ့နေ့ ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ထို့နောက် မီးသတ်ကားဖြစ်မြောက်ရေး ဆောင်ရွက်ခဲ့သည့် အမှတ်(၄)ရပ်ကွက် ကမ္မ(စံပြ)ကျေးရွာ၊ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ သင်တန်းသားစေလွှတ်ပေးသည့် ရပ်ကွက်များ**(အောက်ပုံ)** နှင့် အခြေခံကွန်ပျူတာသင်တန်း ပထမဆုရ တပ်ကြပ်ကြီးရုံးမှ မသွဲ့သွဲ့အောင်တို့အား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(၄၁၃)**

ဝန်ထမ်းအလိုရှိသည်

FISCA ENTERPRISES

(ပြည်တွင်းတွင်ခန့်ထားရန်၊ အသက်(၁၈)နှစ်အထက်နှင့်(၆၀)နှစ်အောက်)

(က) – Marketing Project Manager (၂)ဦး
(ခ) – Secretary Engineering Department (၁)ဦး
(ဂ) – Administration Manager (Any Graduate with two years experience) (၁)ဦး
(ဃ) – Administration Staff ကျား (၂)ဦး
(င) – Application Programmer (၂)ဦး
(စ) – Computer Hardware Maintenance (၂)ဦး
(ဆ) – Computer စာစီစာရိုက် (၂)ဦး
(ဇ) – အဆင့်မြင့်လုံခြုံရေးဝန်ထမ်း(ပုဂ္ဂလုံခြုံရေးဝန်ဆောင်မှု) ရန်ကုန်၊ မန္တလေးရုံးများအတွက် လိုအပ်နေသဖြင့်အချိန်မရွေး လျှောက်ထားနိုင်သည်။ ကျား(၃၀)ဦး

(က)မှ (ခ)အထိ Any Graduate with two years experience & fluent in Engilsh & Chinese နှင့် (ဃ)မှ (ဆ)ထိ အထက်တန်းအဆင့်ဖြစ်ရမည်။

တခြားလိုအပ်သည့် အထောက်အထားများမှာ–

၁။ ကိုယ်ရေးမှတ်တမ်း (CV)
၂။ ပညာအရည်အချင်းအထောက်အထား
၃။ ရပ်ကွက်/ရဲစခန်းထောက်ခံချက်
၄။ အလုပ်သမားမှတ်ပုံတင်မိတ္တူ
၅။ နိုင်ငံသားကတ်နှင့် သန်းခေါင်စာရင်းမိတ္တူ
၆။ လိုင်စင်ဓာတ်ပုံ(၃)ပုံ

FISCA ENTERPRISES	**FISCA˚(Mandalay˚Branch)**
အခန်း(၄၀၄) FISCA Building	**No.(402),(82)th Street,**
(၉)မိုင်၊ပြည်လမ်း၊ (A1 မှတ်တိုင်)ရန်ကုန်	**Corner of (32)th & (82)th**
ဖုန်း–၀၁–၆၅၃၄၅၆၊ Fax:၀၁–၆၅၃၄၅၇	ဖုန်း–၀၂–၃၅၃၅၀၊
E-mail: win @ fisca. biz	Fax:၀၂–၃၀၂၃၄
	http:˚ //˚ www .fisca. biz

(၁၈)နှစ်မြောက် မင်္ဂလာဆုတောင်း

၂၂-၅-၂၀၀၅ရက်တွင် ကျရောက်သော ချစ်ခင်ပွန်း "ကို" ဒုတိယဗိုလ်မှူးကြီးဝင်းသော်နှင့် ချစ်ဇနီး ဒေါ်သီတာဦး (အထက၊ လေးထောင့်ကန်)တို့ရဲ့ (၁၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ချစ်သမီး နှစ်ယောက်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော သီရိဂေဟာလေးကို သက်ဆုံးတိုင် ရွှေလက်တွဲ၍ မြဲမြဲခိုင်ခဲ့ တည်တံ့နိုင်ပါစေလို့ ဆန္ဒပြုလျက်–

ချစ်ဇနီး – ဒေါ်သီတာဦး (အထက၊ လေးထောင့်ကန်)
ချစ်သမီးကြီး – ဖူးဖူး "မဝင့်ဖူးသော်"
ချစ်သမီးထွေး – ပိုးဥ "မဖူးပွင့်သော်"(Grade IVအထက၊ လေးထောင့်ကန်)။

အများသိစေရန်ကြေညာချက်

အမှတ်(၉၃)ခေမာသီလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် ၃၁၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ်–၁/ဏ၊ ဧရိယာ(၀ဒသမ၅၅) ဧက အကျယ်ရှိ လ/န(၃/ခ)အိမ်ရာမြေရပြီး မြေကွက်မှာရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာမြို့မြေစာရင်း၌ ဒေါ်ခင်တိုး အမည်ပေါက်ပါသည်။

ဒေါ်လှလှကြည်သည်အထက်ဖော်ပြပါမြေ၊အိမ်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အား ဒေါ်ခင်တိုးထံမှ ၂-၆-၁၉၉၄ရက်စွဲ မြေနှင့်အိမ်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ဒေါ်လှလှကြည်ကွယ်လွန်ပြီးဖြစ်ရာ ၎င်း၏သားသမီးများထံမှ ဦးကိုကိုဦး+၁ တို့က ၂၄-၁၂-၂၀၀၄ ရက်စွဲ မြေနှင့်အိမ်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ထပ်ဆင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါမြေနှင့်အိမ်အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူတောင်ဥက္ကလာပမြို့နယ် ကြာပဒုံမာလမ်း အမှတ် ၂၈/အေတွင် နေထိုင်သူ ဦးထွန်းအောင်၊ ဒေါ်သန်းမြင့်မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစား သက်ဆိုင်ခွင့်ရှိသည်ဆိုသူ မည်သူတစ်စုံတစ်ယောက်မဆို ကန့်ကွက်လိုပါက ခိုင်မာသော အထောက်အထားစာချုပ်စာတမ်း၊ တရားရုံး အမိန့်များဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ(သို့မဟုတ်) ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သန်း(စဉ်– ၄၅၉၂)၊ တရားရုံးချုပ်ရှေ့နေ
အမှတ်(၄၂)၊သဇင်လမ်း(ထန်းပင်ကုန်း)စော်ဘွားကြီးကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်။

လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ မကွေးတိုင်း၊မကွေးခရိုင်နှင့် မင်းဘူးခရိုင်အတွင်း အောက်အမည်ပါ (က)သာမန်တံတား လေးစင်း၏ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း၊ (ခ) လမ်းအသုံးပြုခကောက်ခံရေးစခန်း(၂) ဂိတ်၏ ၂၀၀၅ခုနှစ် ဇွန်လမှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ (၁)နှစ် (၁၀)လ လုပ်ပိုင်ခွင့်လိုင်စင်ကို အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

(က) လေလံတင်မည့်တံတားများ

စဉ်	ခရိုင်	မြို့နယ်	တံတားအမည်
၁။	မကွေး	ရေနံချောင်း	ပင်းချောင်းတံတား
၂။	မကွေး	တောင်တွင်းကြီး	ကုက္ကိုခွတံတား
၃။	မင်းဘူး	ပွင့်ဖြူ	မုန်းချောင်းတံတား
၄။	မင်းဘူး	မင်းဘူး(စကု)	မန်းချောင်းတံတား

(ခ) လေလံတင်မည့်ဂိတ်စခန်းများ

စဉ်	ခရိုင်	မြို့နယ်	လမ်းဂိတ်စခန်းအမည်
၁။	မကွေး	တောင်တွင်းကြီးမြို့	တောင်တွင်းကြီးဂိတ် (ရန်ကုန်–ပြည်–မန္တလေးလမ်း)
၂။	မင်းဘူး	စလင်းမြို့	တညောင်ဂိတ် (မင်းဘူး–စလင်း–ဆိပ်ဖြူလမ်း)

(ဂ) ချိပ်ပိတ်တင်ဒါပိတ်မည့်နေ့/အချိန် — **(၂၈-၅-၂၀၀၅) စနေနေ့ ညနေ (၁၆:၀၀)နာရီ**

(ဃ) ချိပ်ပိတ်တင်ဒါဖွင့်မည့်နေ့/အချိန် — **(၂၉-၅-၂၀၀၅) တနင်္ဂနွေနေ့ နံနက် (၈:၀၀)နာရီ**

(င) လေလံတင်ရောင်းချပွဲကျင်းပမည့်နေရာ — **မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး**

၂။ လေလံအောင်မြင်သူသည် လေလံတန်ဖိုး ပထမတစ်နှစ်စာကျသင့်ငွေကို (၃၀-၅-၂၀၀၅)ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်သည်။

၃။ စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းများကို မကွေးခရိုင်နှင့် မင်းဘူးခရိုင်၊ ခရိုင်အင်ဂျင်နီယာမှူးရုံးများတွင် ကြည့်ရှုနိုင်ကြောင်းနှင့် ချိပ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်းလွှာများကို သတင်းစာတွင် ကြော်ငြာပါရှိသည့်နေ့မှစ၍ သက်ဆိုင်ရာ ခရိုင် အင်ဂျင်နီယာမှူးရုံးများတွင် ဝယ်ယူတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

လေလံကြီးကြပ်ရေးကော်မတီ
မကွေးတိုင်း။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ်၊ ကမာရွတ်မြို့နယ် အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား အဆင့်ဆင့်ဝယ်ယူရရှိထားသူမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	အမည်ပေါက်ပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်/မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့်တိုက်နှင့်အခန်းအမှတ်
၁။	ဦးကျော်မြင့် ၁၂/ဗဟန(နိုင်)၀၄၈၉၉၂မှ ဒေါ်သောင်းညွန့် စီအီး–၀၈၉၂၉၀မှ	ဒေါ်ဌေးဌေးပန်း ၉/မခန(နိုင်)၀၂၆၅၈၁	တိုက်အမှတ် (၇) အခန်းအမှတ်(၆၀) ရွှေဂုန်ရိပ်မွန်အိမ်ရာ
၂။	ဒေါ်နီလာနွယ် စီ/အာရ်ဂျီအင်န်–၀၀၈၈၆၅မှ ဒေါ်မြငွေ အင်န်တီအင်န်–၁၂၃၀၅၈မှ	ဒေါ်ဌေးဌေးပန်း ၉/မခန(နိုင်)၀၂၆၅၈၁	တိုက်အမှတ်(၁၀) အခန်းအမှတ်(၂၀) ရွှေဂုန်ရိပ်မွန်အိမ်ရာ
၃။	ဒေါ်အေးအေးသန်း ၁၂/ကမရ(နိုင်)၀၃၄၀၄၄	ဦးငွေသိန်း ၁၂/ကမရ(နိုင်)၀၀၉၈၀၃	တိုက်အမှတ်(၁၆) အခန်းအမှတ်(၁၇)၊ ပြည်ရိပ်မွန်အိမ်ရာ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

အများသိစေရန်ကြေညာချက်

ကိုမောင်မောင်နိုင် ၁၃/တကန(နိုင်)၁၃၇၅၆၁ သည် ခွင့်မလွှတ်နိုင်သော ကိစ္စများကို ကျူးလွန်ပြီး မိမိ၏သဘောဆန္ဒအတိုင်းပြုမူပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ၇-၅-၂၀၀၅ ရက်မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ (ကျွန်မနှင့် လုံးဝမပတ်သက်တော့ကြောင်း ကြေညာအပ်ပါသည်)။

မဝင်းဝင်းဖြူ
၁၃/တကန(နိုင်)၁၂၁၂၅၅။

စက်ချုပ်ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာဒေဝူးအထည်ချုပ်စက်ရုံတွင် ဘောင်းဘီနှင့် ဂျာကင်အင်္ကျီချုပ်လုပ်နိုင်သည့် စက်ချုပ် ဝန်ထမ်း အမျိုးသမီး(၇၀)ကို အမြန်ခေါ်ယူခန့်ထားလိုပါသည်။

အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် မြန်မာဒေဝူးအထည်ချုပ်စက်ရုံ တည်ရှိရာ အောက်ဖော်ပြပါလိပ်စာသို့ မှတ်ပုံတင်(သို့)အိမ်ထောင်စုဇယား၊ လေဘာကတ်နှင့် ရဲစခန်း(သို့)ရပ်ကွက်ထောက်ခံချက်တို့ကို ယူဆောင်၍ လူတွေ့စစ်ဆေးခြင်း လာရောက် ပြုလုပ်နိုင်ပါသည်။

ဖယ်ရီရှိသည်။ မိမိကျွမ်းကျင်မှုပေါ်မူတည်၍ ခံစားခွင့်များရှိသည်။

မြန်မာဒေဝူးအင်တာနေရှင်နယ်လီမိတက်
ပျဉ်းမပင်စက်မှုဇုန်၊ ပြည်လမ်းမဘေး
မင်္ဂလာဒုံမြို့နယ်။

သာယာဝတီမြို့နယ်တွင် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

သာယာဝတီ မေ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မီးသတ်ဦးစီးဌာန၏ (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက်က သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

ဆုပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးခင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ယာပုံ)** မီးသတ်ယာဉ်များ မွမ်းမံပြင်ဆင်ရန် မြို့လူထုမှ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၃၀ကို အလှူရှင်များကိုယ်စား မြို့မိမြို့ဖ ဦးစိန်လှိုင်က ပေးအပ်ပြီး မီးသတ်ယာဉ်ပြင်ဆင်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်လင်းနှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့ကလက်ခံရယူကြသည်။ ဆက်လက်၍ တစ်နှစ်တာ မီးသတ်လုပ်ငန်းစွမ်းဆောင်ရည်ဆု ရသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင် ပြန်/ဆက်)

ဧပြီ ၃၀ရက်က မြဝတီမြို့ အမှတ်(၂)ရပ်ကွက် မြရတနာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးကျော်သူလတ်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးစတင့်ဝေတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမှတ်(၅၁၁) အောင်မင်္ဂလာလမ်း၄ရပ်ကွက် မရမ်းကုန်း မြို့နယ်နေ ဦးတင်မောင်ရင်အား ရည်စူး၍ ဒေါ်လှလှမြင့်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ဒေါ်ရွှေစီးကွက်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)



တည်ငြိမ်အေးချမ်းမှုကြောင့် ရှမ်းပြည်နယ်၏ဖွံ့ဖြိုးမှု အချိန်တိုအတွင်းဖြစ်ထွန်းလာ နိုင်ငံတော်၏ဖြူစင်သောစေတနာကြောင့် ဖြစ်ထွန်းလာသည့်အခြေခံကောင်းများ အကျိုးရှိစွာအသုံးချပြီး တိုင်းရင်းသားအားလုံးပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် လက်တွဲကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

<u>ရှေ့ဖုံးမှ</u>

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လားရှိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ ကျင်းပသည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး ဦးဆောင်သည့်တပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)